http://www.dhammadownload.com

# ပန်းတိုင်

GRADE - 5

## စတုတ္ထတန်း

## စာရိတ္တနှင့် ပြည်သူ့နီတိ

ပန်းတိုင်စာတည်းအဖွဲ့

ပန်းတိုင်

GRADE - 5

စတုတ္ထတန်း

စာရိတ္တနှင့် ပြည်သူ့နီတိ

ပန်းတိုင်စာတည်းအဖွဲ့

http://www.dhammadownload.com

အခြေခံပညာ မူလတန်းအဆင့် လေ့ကျင့်စဉ်လက်စွဲ

# ပန်းတိုင်

## စတုတ္ထတန်း

## စာရိတ္တနှင့် ပြည်သူ့နီတိ

ပြည်လုံးကျွတ် ဖြန့်ချိရေး

ပန်းတိုင်
စာပေ

အမှတ် - ၂၃၂ (မြေညီထပ်)၊ ၃၉-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- ၂၄၅၆၁၉၊ ၂၄၅၆၂၁၊ ၀၉၅၁၁၉၁၂၅

http://www.dhammadownload.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး . . . . . . . . . . . . . . . . . . . . . . . . . ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး . . . . . . . . . . . . . . . . . . . . . . . . . . . . ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com


# ပုံနှိပ်ထုတ်ဝေမှုဇာတ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးသန်းမောင် (မြဲ-၀၄၁၇၇)<br>ပန်းတိုင်စာပေ<br>တိုက်(၈၈/၄)၊ ကမာလမ်း၊ ၂၄-ရပ်ကွက်၊<br>သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်။ |
| ပုံနှိပ်သူနှင့်မျက်နှာဖုံးရိုက် | - | ဦးသန်းမောင် (မြဲ-၀၈၂၄၄)<br>ပန်းတိုင်အော့ဖ်ဆက်<br>အမှတ်(၂၇၃)၊ ၃၉လမ်း(အထက်)၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | - | ရတနာမြေစာအုပ်ချုပ်လုပ်ငန်း |
| အကြိမ်ရေ | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၂-ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၅၀၀ ကျပ် |

ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)

၃၇၂

စာတည်းအဖွဲ့၊ ပန်းတိုင်

ပန်းတိုင်လေ့ကျင့်စဉ်လက်စွဲ၊ စတုတ္ထတန်း စာရိတ္တနှင့်ပြည်သူ့နီတိ

ပန်းတိုင်စာတည်းအဖွဲ့၊ ရန်ကုန်။

ပန်းတိုင်စာပေ၊ ၂၀၁၂။

၆၃-စာ၊ (၁၇.၅ × ၂၀.၅) စင်တီ။

(၁)ပန်းတိုင်လေ့ကျင့်စဉ်လက်စွဲ၊ စတုတ္ထတန်း စာရိတ္တနှင့်ပြည်သူ့နီတိ

http://www.dhammadownload.com

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | အခန်း (၄) | လူကောင်းလူမွန် | ၅ |
| ၂။ | သင်ခန်းစာ (၉) | အဆုံးအမ နာယူကြ | ၁၉ |
| ၃။ | သင်ခန်းစာ (၁၀) | ကျေးဇူးတရား တန်ဖိုးထား | ၂၅ |
| ၄။ | သင်ခန်းစာ (၁၁) | ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများ (၁) | ၃၁ |
| ၅။ | သင်ခန်းစာ (၁၂) | ယဉ်ကျေးမှု အလေ့အကျင့်ကောင်းများ (၂) | ၃၆ |
| ၆။ | သင်ခန်းစာ (၁၃) | ငါးပါးသီလစောင့်ထိန်းကြ | ၄၄ |
| ၇။ | သင်ခန်းစာ (၁၄) | လူမှုတာဝန် တို့ကျေပွန် | ၅၃ |


## နောက်ဆက်တွဲ


| | | | |
|---|---|---|---|
| ၈။ | အခန်း (၃၄) | ဇာတိမာန်နှင့် မျိုးချစ်စိတ် | |
| | | - ဇာနည်မျိုးနဲ့ အမွေခံ (ကဗျာ) | ၆၄ |
| | | - ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကိုပြုစုပါ | ၆၇ |
| ၉။ | အခန်း (၃၆) | ယဉ်ကျေးမှု | |
| | | - သွေးချင်းတို့ကပွဲသဘင် (ကဗျာ) | ၆၉ |
| ၁၀။ | အခန်း (၃၉) | ဝတ္ထုပုံပြင်များ | |
| | | - အချိန်မမှန်သည့်တောကြက် (ပုံပြင်) | ၇၁ |
| | | - ဝံသူတော် (ပုံပြင်) | ၇၃ |


* * *

http://www.dhammadownload.com



# အခန်း(၄)

# လူကောင်းလူမွန်

၁။ **အဓိကအသိသညာ**

ဖြိုးခြဲ့ချောတာစွာ နေထိုင်တတ်ခြင်း၊ စိတ်ဓာတ်ကြံ့ခိုင်ခြင်း၊ အတတ်ပညာကို ကောင်းစွာသင်ယူခြင်း၊ လူကြီးမိဘဆရာသမားတို့၏ အဆုံးအမကို ကောင်းစွာနာယူတတ်ခြင်းနှင့် သူတစ်ပါးကျေးဇူးကို သိတတ်ခြင်းတို့သည် လူကောင်းလူမွန်တစ်ယောက်ဖြစ်ရန်အတွက် အရေးကြီးကြောင်းသိစေခြင်း။

၂။ **သင်ယူမှုဦးတည်ချက်**

**(က)ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးဖြစ်ရန် မည်သည့်စိတ်နေစိတ်ထား အပြုအမူများ (ဥပမာ–ဖြိုးခြဲ့ချောတာစွာနေထိုင်တတ်ခြင်း၊ အတတ်ပညာကို ကောင်းစွာသင်ယူ၍ အဆုံးအမကို ကောင်းစွာနာယူတတ်ခြင်းနှင့် သူတစ်ပါးကျေးဇူးကို သိတတ်ခြင်းစသည်တို့သည်) အရေးကြီးကြောင်းကို သိရှိနားလည်ပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်.

(ခ) **အသေးစိတ်ဦးတည်ချက်များ**

**သင်ခန်းစာ(၁) ဖြိုးခြဲ့ချောတာ စိတ်ခိုင်မာ**

(၁) နေ့စဉ်ဘဝ၌ ဖြိုးခြဲ့ချောတာစွာနေထိုင်ခြင်းသည် ကြီးပွားချမ်းသာခြင်း၏ အကြောင်းတရားဖြစ်ပြီး ကောင်းမြတ်သော မင်္ဂလာတစ်ပါးလည်းဖြစ်ကြောင်း သိရှိ၍၊ ထိုကဲ့သို့ ပြုမူလုပ်ကိုင်နေထိုင်တတ်ရန် လိုကြောင်း ပြန်လည်ရှင်းပြတတ်စေရန်။

(၂) ကြံ့ခိုင်သောစိတ်ဓာတ်ရှိခြင်းသည် ကောင်းမြတ်သောမင်္ဂလာ တစ်ပါးဖြစ်ကြောင်း သိရှိပြီး၊ ထိုကဲ့သို့ ပြုမူနေထိုင်တတ်ရန် အရေးကြီးကြောင်း ပြောပြတတ်စေရန်။

**သင်ခန်းစာ(၂) အဆုံးအမ နာယူကြ**

(၁) အတတ်ပညာကို ဆရာများထံတွင် စနစ်တကျသင်ယူသင့်ကြောင်း ရှင်းပြတတ်စေရန်။

(၂) လူကြီးမိဘတို့၏ ဆုံးမမှုကို ကောင်းစွာနာယူသင့်ကြောင်း ပြောပြတတ်စေရန်။

http://www.dhammadownload.com



သင်ခန်းစာ(၁၀) ကျေးဇူးတရား တန်ဖိုးထား

(၁) သူတစ်ပါး၏ကျေးဇူးကိုသိပြီး၊ ကျေးဇူးတရားကို စောင့်ထိန်းရန်လည်း အရေးကြီးကြောင်း ပြောပြတတ်စေရန်။

(၂) စိတ်ထားယုတ်ညံ့က ဒုက္ခရောက်တတ်ကြောင်းကို ရှင်းပြတတ်ရန်။

၃။ **အဓိကအချက်များ**

- **ပုံပြင်များ၏ အဓိကအချက်ကို နားလည်ခြင်းဖြင့် ကလေးများသည် မည်သို့သောလူမျိုးသည် လူကောင်းဂုဏ်ဖြစ်သည်ဟူသော ရှင်းလင်းသော အတွေးအမြင်များကို ရရှိ နိုင်ပါသည်။**

ဤအခန်းတွင် စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်များကို တတိယတန်းရှိ သင်ခန်းစာများကဲ့သို့ပင် ပြင်ဆင်ထားပါသည်။ သို့သော် ဤပုံပြင်များသည် တတိယတန်းမှ ပုံပြင်များထက် ပိုမိုရှုပ်ထွေးပါသည်။ ကလေးများသည် ပုံပြင်များ၏ အဓိကဆိုလိုသည့်အချက်ကို ရရှိရန် ကြိုးစားမှုများစွာ ဂရုစိုက်၍ ဖတ်သင့်ပါသည်။ ပုံပြင်များ၏ အဓိကယူဆချက်များကို အခြေခံ၍ မည်သို့သောလူများသည် လူကောင်းလူမွန်တစ်ယောက်ဖြစ်သည်ကို ကလေးများ ဆွေးနွေးကြရင့်ဖြစ်ပါသည်။

- **ထုတ်ဖော်တင်ပြခြင်းနှင့် စာစီစာကုံးများ ရေးသားခြင်းတို့ဖြင့် ကလေးများသည် သူတို့၏ အကြံအစည်စိတ်ကူးထင်မြင်ချက်များကို ဖန်တီးနိုင်ပါသည်။**

ဤအခန်းတွင် အချက်အလက်အချို့အား ထုတ်ဖော်တင်ပြပြောဆိုရန် စာစီစာကုံးများ ရေးသားရန် အခွင့်အလမ်းများစွာ ရရှိမည် ဖြစ်ပါသည်။ ယခုလက်ရှိ အခြေအနေတွင် ကလေးများသည် သူတို့၏ကိုယ်ပိုင် ထင်မြင်ယူဆချက်များ၊ စိတ်ကူးစိတ်သန်းများကို ထုတ်ဖော်ပြရန် အခွင့်အလမ်းနည်းပါးနေပါသည်။ ကလေးတို့၏ တီထွင်ဖန်တီးလိုသည့် အရည်အချင်းများလည်း လျော့ပါးနေပါသည်။ အဘယ်ကြောင့်ဆိုသော် အလွတ်ရွတ်ဆိုခြင်းနှင့် ကျက်မှတ်ခြင်းတည်းဟူသော သမားရိုးကျ သင်ယူမှုအလေ့အကျင့်များက ထိုအရည်အချင်းများ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် သင်ခန်းစာများ သင်ယူနေစဉ်ကာလအတွင်း ဆရာက၊ ကလေးတို့အား ၎င်းတို့၏

http://www.dhammadownload.com



ထူးခြားသော စိတ်ကူးစိတ်သန်းများအား တင်ပြခွင့်၊ ပုံဖော်ခွင့်နှင့် ဆွေးနွေးခွင့်များပေးရမည် ဖြစ်ပါသည်။

*

## သင်ခန်းစာစီစဉ်ပုံ

**စာသင်ချိန် (၁) နှင့် (၂)**

ဤစာသင်ချိန်တွင် အဓိကအချက်မှာ နေ့စဉ်ဘဝတွင် ခြိုးခြံချွေတာခြင်းသည် အရေးကြီးကြောင်း သိရှိနားလည်ရန် ဖြစ်သည်။

မင်္ဂလာကဗျာ(၉)တွင် "လောကီအာရုံဖိမ်ယစ်မူးလို့ အပျော်မကြူးနဲ့ ခြိုးခြံလေ" ဟူ၍ရှင်းလင်း စွာဖော်ပြထားသည်။

ကလေးများသည် "သာလွန်မင်းတရားကြီး" ပုံပြင်မှတစ်ဆင့် ဤအချက်ကို သိရှိနားလည်နိုင် ပါသည်။ ပုံပြင်ထဲတွင် ဘုရင်ကြီးက ဆင်းရဲသူမအား "မည်သို့ပြောဆိုခဲ့သနည်း' ဆိုသည့်အချက်အား ရှာဖွေဖော်ထုတ်ရန် ကလေးများအတွက် အရေးကြီးပါသည်။ ထို့နောက် ပုံပြင်တွင်ပါရှိသော အချက်များ အပေါ်အခြေခံ၍ ကလေးများသည် 'မည်သည့်အရာများကို ခြိုးခြံချွေတာရန် လေ့ကျင့်သင့်ကြောင်း' နှင့် 'ခြိုးခြံချွေတာမှု အလေ့အကျင့်မှ မည်သို့သော အကျိုးကျေးဇူးများရရှိနိုင်ကြောင်းတို့ကို ခြုံငုံသုံးသပ်ဆင် ခြင်ကြရန်ဖြစ်ပါသည်။

**စာသင်ချိန် (၃)**

အထက်ပါသင်ခန်းစာအဆုံး၌ ဆရာသည် ကလေးများအား 'သင်တို့သည် အနာဂတ်တွင် မည် ကဲ့သို့ ခြိုးခြံချွေတာ၍ နေထိုင်ကြမည်နည်း' ဟူသော စာစီစာကုံးဝေစ်ပုဒ်ကို ရေးသားစေရပါမည်။ ဤစာ သင်ချိန်အတွင်း ကလေးများက ၄င်းတို့၏စာစီစာကုံးများကို အတန်းရှေ့တွင် တင်ပြကြရန်ဖြစ်သည်။

**စာသင်ချိန် (၄) နှင့် (၅)**

ဤစာသင်ချိန်များတွင် 'မည်သည့်အခြေအနေအချိန်အခါမျိုးပင်ဖြစ်စေ စိတ်ဓာတ်ကြံ့ခိုင်မှုရှိရန် အရေးကြီးသည်' ဟူသောအချက်ကို ကလေးများသိရှိနားလည်ရန် အဓိကထားရပါမည်။ ဤအချက်သည် မင်္ဂလာကဗျာ(၁၀)တွင် အဓိကထားသည့် အချက်လည်းဖြစ်ပါသည်။ ကလေးများသည် 'ထူးခြားသော မင်းသမီးပုံပြင်' ကို ဖတ်ခြင်းဖြင့် ဤအချက်ကို သင်ယူကြရပါမည်။ ၄င်းအပြင် 'အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်း၊

http://www.dhammadownload.com



ခြွေရံသင်းပင်းပေါခြင်း၊ ခြွေရံသင်းပင်းမဲ့ခြင်း၊ ချီးမွမ်းခံရခြင်း၊ ပြစ်တင်ရှုတ်ချခံရခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းအစရှိသော လောကဓံတရား(၈)ပါးကို ကလေးများ သိနားလည်စေရန်လည်း ရည်ရွယ်ပါသည်။

**စာသင်ချိန် (၆)**

ဤအပိုင်းသည် သင်ခန်းစာ၏ နိဂုံးပိုင်းဖြစ်သည်။ အထက်ပါ သင်ခန်းစာများကို အခြေခံ၍ ကလေးများသည် အောက်ပါအချက်(၂)ခုကို ဆွေးနွေးကြရန်ဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် မကောင်းသော လောကဓံတရားများနှင့် ကြုံတွေ့ရသောအခါ မည်ကဲ့သို့ တုံ့ပြန်သင့်သနည်း။

(၂) ကျွန်ုပ်တို့သည် ကောင်းသောလောကဓံတရားများနှင့် ကြုံတွေ့ရသောအခါ မည်ကဲ့သို့ တုံ့ပြန်သင့်သနည်း။

ကလေးများသည် သင်ခန်းစာမှရရှိထားသော အသိတရားများကို ၎င်းတို့၏ နေ့စဉ်ဘဝများတွင် အသုံးချတတ်လိမ့်မည်ဟု မျှော်လင့်နိုင်ပါသည်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) မင်္ဂလာကဗျာ (၉)ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို သင်သိသမျှ ပြောပြပါ။

ဖြေ မင်္ဂလာကဗျာ (၉)ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ လူအားလုံးအပေါ် မေတ္တာတရားဖြင့် ဆက်ဆံရမည်ကို သိစေခြင်း၊ အကျိုးမရှိသော ပျော်ပါးမှုများကို ငြိုးငြံရမည်ကို သိစေခြင်းတို့ဖြစ်ပါသည်။

လုပ်ငန်း (၂) မင်္ဂလာကဗျာ (၉)၏ သင်ယူမှုရည်ရွယ်ချက်များကို သင်သိသမျှပြောပြပါ။

ဖြေ မင်္ဂလာကဗျာ (၉)၏ သင်ယူမှုရည်ရွယ်ချက်များမှာ–

(က)အကျိုးမဲ့သော ပျော်ပါးမှုကို ရှောင်ကြဉ်တတ်စေရန်။

(ခ) ကိုယ်ကျင့်တရားကောင်းမွန်ပြီး အားလုံးအပေါ် မေတ္တာထားတတ်ရန်တို့ ဖြစ်ပါသည်။

F.1.A

http://www.dhammadownload.com



လုပ်ငန်း (၃) အောက်ဖော်ပြပါ ကဗျာအား ဆရာကဖတ်ပြသည်ကို တပည့်များကလိုက်၍ ရွတ်ဆိုပါ။

မင်္ဂလာကဗျာ(၉)

လောကီအာရုံ၊ ဇိမ်ယစ်မူးလို့၊

အပျော်မကြူးနဲ့ ငြိုးခြံလေ။

မေတ္တာ–ဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊

သူမြတ်ကျင့်ထုံး ပယွင်းမသွေ။

လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊

အမှန်သိအောင် ကြိုးစားလေ။

ဒုက္ခလွတ်ကင်း... နိဗ္ဗာန်ချဉ်း...

အလင်းပေါက်နိုင်စေ။

အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။ (ဒဂုံဦးထွန်းမြင့်)

စကားပြေ

လောကီအာရုံ ကာမဂုဏ်တို့တွင် ယစ်မူးကာအပျော်ကြူးမနေကြပါလေနှင့်။ စိတ်ကိုထိန်းချုပ်နိုင်ကြပါစေ။ (ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး။)

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထား၍ သူတော်ကောင်း သူတော်မြတ်တို့၏ ကျင့်ထုံးကို မယွင်းမသွေစေဘဲ ဖွဲမြဲစွာကျင့်ကြပါလေ။ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော မြတ်သောဗြဟ္မစိုရ်တရားတို့ကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတစ်ပါး)။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာတရားလေးပါးကို ဉာဏ်မျက်စိဖြင့် မြော်မြင်ကြည့်ကာ အမှန်ကိုသိအောင် ကြိုးစားကြပါလေ။ (အရိယသစ္စာတရား အမှန်တို့ကို သိရခြင်းသည် လည်း မင်္ဂလာတစ်ပါး။)

ဒုက္ခအပေါင်းမှ လွတ်ငြိမ်းရာဖြစ်သော မြတ်နိဗ္ဗာန်သို့ ရောက်ရှိနိုင်ရန် ဉာဏ်အမြော်အမြင်ဖြင့် ကျင့်ကြံအားထုတ်နိုင်ပါစေ။ (အရဟတ္တဖိုလ် နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည်လည်း မင်္ဂလာတစ်ပါး။)

http://www.dhammadownload.com



အထက်ပါ မင်္ဂလာလေးပါးသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော မင်္ဂလာတရားများဖြစ်ပါသည်။

လုပ်ငန်း (၄) ပွဲလမ်းသဘင် ပျော်ရွှင်မှုများကို လိုက်စားခြင်း၊ လောင်းကစားခြင်း၊ မကောင်းသူတို့နှင့် ပေါင်းသင်းခြင်းတို့ကို ပြုလုပ်တတ်သူတစ်ယောက်အကြောင်း ရှင်းပြပါ။

ဖြေ မောင်မောင်သည် အပျော်ကြိုက်သူတစ်ဦးဖြစ်ပါသည်။ ကျောင်းတက်ချိန်တွင် ကျောင်းပြေးကာ ပွဲလမ်းသဘင်၊ ရုပ်ရှင်၊ ဗီဒီယိုများ ကြည့်တတ်ပါသည်။ ဖဲရိုက်ခြင်း၊ အရက်သောက်ခြင်းများလည်း မကြာခဏပြုတတ်ပါသည်။ အကျင့်စာရိတ္တ၊ မကောင်းသူများနှင့် ပေါင်းသင်းသဖြင့် သက်ဆိုင်ရာမှ မကြာခဏခေါ်ယူမေးမြန်းခြင်း ခံရပါသည်။ မောင်မောင်သည် ကျောင်းစာများ မလိုက်နိုင်သဖြင့် စာမေးပွဲကျပါသည်။

လုပ်ငန်း (၅) လူသားတို့အပေါ် စေတနာထားပြီး ကူညီတတ်သည့် သူငယ်ချင်းတစ်ယောက်အကြောင်းပြောပြပါ။

ဖြေ ကျွန်ုပ်၏သူငယ်ချင်း အောင်အောင်သည် လူအားလုံးအပေါ် စေတနာထားပြီး ကူညီတတ်ပါသည်။ ရပ်ကွက်အတွင်းမှ သက်ကြီးရွယ်အိုများ အိမ်တွင်ရေကူသယ်လာလေ့ရှိပါသည်။ အခြားတတ်နိုင်သော အလုပ်များကိုလည်း ကူညီလုပ်ကိုင်ပေးပါသည်။ လမ်း၌ အသက်ရွယ်ကြီးရင့်သူများ၊ ကလေးငယ်များ၊ အလေးအပင် ထမ်းလာသူများ တွေ့လျှင်လည်း ကူညီဖေးမလေ့ရှိပါသည်။ ကျောင်း၌လည်း သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်လေ့ရှိပါသည်။ ဆရာ၊ ဆရာမများကိုလည်း ရိုသေစွာ ခရီးဦးကြိုပြု၍ ဆောင်ရွက်စရာရှိသည်များကို ကူညီဆောင်ရွက်လေ့ရှိပါသည်။ သူငယ်ချင်းများနှင့် ငယ်ရွယ်သူကျောင်းသူ ကျောင်းသားကလေးများကို အမြဲကူညီလေ့ရှိပါသည်။ အောင်အောင်ကို လူတိုင်းက ချစ်ခင်နှစ်သက်ကြပါသည်။

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) အပျော်ကြူးခြင်းဆိုသည်ကို သင်မည်ကဲ့သို့ နားလည်သနည်း။

ဖြေ အပျော်ကြူးခြင်းဆိုသည်ကို အပျော်အပါးကို လွန်ကဲစွာလိုက်စားသည်ဟု နားလည်မိပါသည်။

http://www.dhammadownload.com



မေး (၂) လူသားအားလုံးအပေါ် မေတ္တာထားပါဟု အဘယ်ကြောင့် ပြောရသနည်း။

ဖြေ မေတ္တာတရားသည် မြတ်စွာဘုရားဟောသော ပြဟ္မစိုရ်တရားလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ အေးမြကြည်လင် စေသောကြောင့် လူအားလုံးအပေါ် မေတ္တာထားပါဟု ပြောခြင်းဖြစ်သည်။

မေး (၃) ဖြိုးဖြိုးစွာ ကျင့်ရမည်ဟူသည်ကား မည်သည့်အရာများ ဖြစ်သနည်း။

ဖြေ ဖြိုးဖြိုးစွာ ကျင့်ရမည်ဟူသည်ကား လောကီအာရုံကာမဂုဏ်တို့တွင် ယစ်မူးကာ အပျော်ကြူး မနေဘဲ စိတ်ကိုထိန်းချုပ်ကာ သီလ၊ ဘာဝနာတရားများကို ကျင့်ကြံခြင်းကို ဆိုလိုပါသည်။

လုပ်ငန်း (၄) ထို့နောက် သာလွန်မင်းတရားကြီးက လမ်းဘေးတွင် ထမင်းရည်ငှဲ့နေသော သူဆင်းရဲမအား လက်ညှိုးညွှန်လျက် ဆုံးမနေပုံကားချပ်ကိုပြသပြီး ဘုရင်ကြီးက သူဆင်းရဲမကို ဘာပြောနေတယ်လို့ ထင်သလဲ ဟုမေးပါ။

ကလေးများသည် ၄င်းတို့တွေးထင်သည့်အတိုင်း ပြောကြပါလိမ့်မည်။

ဆရာက သာလွန်မင်းတရားကြီး ပုံပြင်ကို ပြောပြပါ။

## သာလွန်မင်းတရားကြီး

သာလွန်မင်းတရားကြီးသည် တိုင်းသူပြည်သားတို့ စည်းကမ်းမဲ့သုံးဖြုန်းခြင်းကို ပြင်းထန်စွာ တားမြစ်သည့်အပြင် အိမ်တိုင်းအိမ်တိုင်း ထမင်းတစ်ကြိမ်ချက်တိုင်း ဆန်လက်တစ်ဆုပ်ကျစီ စုဆောင်းသို မှီး၍ ချွေတာရေးစနစ်ကို ကျင့်သုံးစေသည်။ တစ်လစေ့သော် ဆန်အားလုံးကို စုစည်းပြီး၊ မဏ္ဍပ်ထိုး၍ ပြည်သူအများစုပေါင်းကာ မရှိဆင်းရဲသူများအား ဝေငှပေးကမ်းစေလေသည်။ ထို့အပြင် တစ်နေ့တာ ရှာဖွေ ရရှိသော ပစ္စည်းများထဲမှ သာသနာရေး၊ သာရေး၊ နာရေး၊ ပူမှုရေးအတွက်နှင့် မိသားစုအတွက် စသည် ဖြင့်ခွဲဝေပြီးမှ ပိုလျှံသည်ကိုသာ သုံးစွဲကြရမည်ဟုလည်း ချွေတာရေးစနစ်ကို ကျင့်သုံးစေသည်။

တစ်ခါသော် သာလွန်မင်းတရားကြီးသည် စစ်ကိုင်းဘက်သို့ ဆင်စီး၍ထွက်တော်မူ၏။ ရွာ တစ်ရွာတွင် သူဆင်းရဲမတစ်ဦးသည် ထမင်းရည်ကို မြေကြီးပေါ်သို့ ငှဲ့ချလေရာ ထမင်းရည်သည် လမ်း ပေါ်သို့ စီးလာ၏။ မင်းကြီးမြင်သောအခါ ထိုမိန်းမကိုခေါ်ပြီးလျှင် ထမင်းရည်သည် ခွန်အားကိုဖြစ်စေသည်။ ထမင်းရည်ကိုဆားခတ်၍ သားသမီးများကို အဆာပြေတိုက်ကျွေးနိုင်သည်။ သို့မဟုတ် အိမ်ရှိခွေး၊ ဝက် များကို တိုက်ကျွေးနိုင်သည်။ သင်သည် အစဉ်စားနည်းလှသည်။ ထမင်းရည်ကို သက်သက်မဲ့ဖြုန်းတီးနေ သည်ဟု ဆုံးမ၏။

http://www.dhammadownload.com



ထို့အပြင် သာလွန်မင်းတရားကြီးသည် ထမင်းကြမ်းကို အလဟာသသွန်ပစ်သော အမတ်ကြီးအားလည်းကောင်း၊ အဝတ်ကောင်းများဝတ်၍ နန်းတော်နံရံကိုမှီ၍ ထိုင်သော သမီးတော်အားလည်းကောင်း အပြစ်ဒဏ်များပေး၍ ဆုံးမခြင်းစသည်ဖြင့် ခြိုးခြံချွေတာရေး မဂ်လာကို တိုင်းသူပြည်သားများအား ကျင့်သုံးစေသည်မှာ အတုယူဖွယ်ကောင်းလှပေသည်။

သာလွန်မင်းတရားကြီး လက်ထက်တွင် ချွေတာရေးစနစ်ကို ကျင့်သုံးစေသဖြင့် တစ်တိုင်းပြည်လုံး တိုးတက်ကြီးပွားချမ်းသာကြလေသည်။

"ဘုရင်ကြီးက ထမင်းရည်ငှဲ့နေတဲ့ အမျိုးသမီးကို ဘာကြောင့် ခြိုးခြံချွေတာစေချင်ခဲ့သလဲ" ဟူသော မေးခွန်းနှင့်စပ်လျဉ်း၍ ကလေးများ စဉ်းစားကြရန်ဖြစ်ပါသည်။

ထို့နောက် ၎င်းမေးခွန်း၏အဖြေကို ဆရာက ဖြည့်စွက်ရှင်းပြရန်ဖြစ်သည်။

လုပ်ငန်း (၅) ဆရာသည် သာလွန်မင်းတရားကြီးပုံပြင်အား ကျောင်းသားများနှင့်အတူ ပြန်လည်သုံးသပ်ရန်ဖြစ်သည်။

ပုံပြင်အား မှီငြမ်းလျက် ကျောင်းသားများသည် အောက်ပါအကြောင်းအရာများအား ဆွေးနွေးပါစေ။

မေး (၁) ဘယ်အရာတွေမှာ ခြိုးခြံချွေတာသင့်သလဲ။ ဘာကြောင့်လဲ။

ဥပမာ - အစားစားရာတွင် လည်းကောင်း၊ အဝတ်အစား ဝတ်ဆင်ရာတွင်လည်းကောင်း၊ ငွေသုံးစွဲရာတွင်လည်းကောင်း၊ ခြိုးခြံချွေတာသင့်ပါသည်။ အစားအစာ၊ အသုံးအဆောင်၊ အဝတ်အထည်နှင့် ငွေတို့ကို မလိုအပ်ဘဲ မဖြုန်းတီးသင့်ကြောင်း ဆွေးနွေးပါ။

မေး (၂) ထို့နောက် ခြိုးခြံချွေတာခြင်း အလေ့အကျင့်ကနေ ဘယ်လိုအကျိုးကျေးဇူးတွေ ရနိုင်မလဲ" ဟုမေးပါ။

အုပ်စုတိုင်းက သူတို့၏ထင်မြင်ယူဆချက်များကို တင်ပြကြပါလိမ့်မည်။

လုပ်ငန်း (၆) ဆရာက ကျောင်းသားများအား အနာဂတ်တွင် မည်ကဲ့သို့ ခြိုးခြံချွေတာစွာနေထိုင်သွားမည်ဆိုသည်ကို စာစီစာကုံးတစ်ပုဒ် ရေးသားရန်လုပ်ငန်းပေးပါ။

လုပ်ငန်း (၇) ဆရာက ထူးခြားသော မင်းသမီးကစ်ပါး ပုံပြင်ကိုပြန်လည်ပြောပြပါ။

ကျောင်းသားများအား ပုံပြင်ကို အခြေခံ၍အောက်ပါမေးခွန်းများအား ဆွေးနွေးပါစေ။

http://www.dhammadownload.com



မေး (၁) မင်းသမီးတွင် မည်ကဲ့သို့သော အရည်အချင်းများရှိသနည်း။

ဥပမာ -- မင်းသမီးလေးသည် စိတ်ထားကောင်းမွန်သည်။ လောကဓံတရား (၈)ပါး နှင့် ရင်ဆိုင်ရသောအခါတွင်လည်း တုန်လှုပ်ခြင်းမရှိဘဲ ခံနိုင်စွမ်းရှိသကဲ့သို့ တရားလည်း အားထုတ်နိုင်သည်။

မေး (၂) လောကဓံတရား(၈)ပါးမှာ မည်သည်တို့ ဖြစ်သနည်း။

(၁) လာဘ်ရခြင်း။
(၂) လာဘ်မရခြင်း။
(၃) အခြံအရံများခြင်း။
(၄) အခြံအရံနည်းပါးခြင်း။
(၅) ချီးမွမ်းခံရခြင်း။
(၆) ကဲ့ရဲ့ခံရခြင်း။
(၇) ချမ်းသာခြင်း။
(၈) ဆင်းရဲခြင်း။

မေး (၃) ကောင်းသော လောကဓံတရားများသည် မည်သည်တို့ဖြစ်သနည်း။

ဥပမာ - အထက်ဖော်ပြပါ ၁ ၊ ၃ ၊ ၅ နှင့် ၇ တို့ဖြစ်သည်။

မေး (၄) မကောင်းသော လောကဓံတရားများသည် မည်သည်တို့ဖြစ်သနည်း။

ဥပမာ - အထက်ဖော်ပြပါ ၂ ၊ ၄ ၊ ၆ နှင့် ၈ တို့ဖြစ်သည်။

ကျောင်းသားများသည် ၄င်းတို့၏ ထင်မြင်ယူဆသည့်အတိုင်း ဖြေကြပါလိမ့်မည်။

လုပ်ငန်း (၈) ကျောင်းသားများအား ပြီးခဲ့သော သင်ခန်းစာ၏ အကျဉ်းချုပ် အထူးသဖြင့် လောကဓံတရား(၈)ပါးထဲမှ ကောင်းသော လောကဓံတရားများနှင့် မကောင်းသော လောကဓံတရားများအကြောင်းအား ပြန်လည်ပြောကြားပါစေ။

ထို့နောက် ကျောင်းသားများသည် အောက်ပါမေးခွန်းများအား ဆွေးနွေးကြရန်ဖြစ်သည်။

မေး (၁) မကောင်းသော လောကဓံတရားများနှင့် ရင်ဆိုင်ရသောအခါ မည်သို့တုံ့ပြန်သင့်သနည်း။

**ဥပမာ – စိတ်ဓာတ်မကျပါနှင့်။ စိတ်ပျက်အားငယ်မနေဘဲ ကြံ့ကြံ့ခံ နိုင်စွမ်းရှိရပါမည်။**

http://www.dhammadownload.com



မေး (၂) ကောင်းသော လောကဓံတရားများနှင့် ရင်ဆိုင်ရသောအခါ ကျွန်ုပ်တို့သည် မည်သို့တုံ့ပြန်သင့်သနည်း။

ဥပမာ – ကောင်းသော လောကဓံတရားများနှင့် တွေ့ကြုံရသောအခါ မာန်မာန မထောင်လွှားပါနှင့်။ အပျော်မလွန်ပါနှင့်။ မယိမ်းမယိုင် နိုင်မာသော စိတ်ရှိရမည်ဖြစ်ပါသည်။

ကျောင်းသားအချို့အား ၎င်းတို့၏ ထင်မြင်ချက်များကို တင်ပြပါစေ။

*

## မင်္ဂလာကဗျာ (၁၀)

လုပ်ငန်း (၁) မင်္ဂလာကဗျာ (၁၀)ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို သင်သိသမျှ ပြောပြပါ။

ဖြေ မင်္ဂလာကဗျာ (၁၀)ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ကို အမြဲတမ်းတွေ့ကြုံနေရမည်ကို သိစေခြင်း၊ မတုန်မလှုပ် စိတ်ဓာတ်ဖြင့် ကြံ့ခိုင်စွာ ရင်ဆိုင်ရမည်ကို သိစေခြင်းတို့ ဖြစ်ပါသည်။

လုပ်ငန်း (၂) မင်္ဂလာကဗျာ (၁၀)၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ မင်္ဂလာကဗျာ (၁၀)၏ သင်ယူမှု ရည်ရွယ်ချက်များမှာ –

(က) လောကဓံတရား ရှစ်ပါးကို ပြောပြတတ်စေရန်။

(ခ) ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့နှင့် ရင်ဆိုင်ရသည့်အခါတိုင်း ကြံ့ကြံ့ခိုင်သော စိတ်ဓာတ်ရရှိရန်တို့ဖြစ်ပါသည်။

လုပ်ငန်း (၃) အောက်ဖော်ပြပါ ကဗျာအား ဆရာက ဖတ်ပြသည်ကို တပည့်များက လိုက်၍ရွတ်ဆိုပါ။

### မင်္ဂလာကဗျာ (၁၀)

ဆင်းရဲချမ်းသာ သဘာဝ

တွေ့ကြုံနေကြ လူတိုင်းပေ။

ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊

http://www.dhammadownload.com



တစ်လဲစီလှည့် အမြဲနေ။
လောကဓံကြုံ မဖြုံစတမ်းပေါ့။
မကုန်စမ်းနဲ့ စိတ်ခိုင်စေ၊
သောကကိုထိန်း ရမ္မက်သိမ်း
အေးငြိမ်း ချမ်းသာနေ။
အဲဒါမှ 'ဗုဒ္ဓပါဒ' ကမ္ဘာ့မင်္ဂလာတွေ။ ။ (ဒဂုံဦးထွန်းမြင့်)

စကားပြေ

ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟူသည်မှာ သဘာဝတရားဖြစ်၍ လူတိုင်းလူတိုင်း အမြဲတစေ တွေ့ကြုံကြရပေမည်။ အကောင်းနှင့်အဆိုးတို့သည် အမြဲဒွန်တွဲလျက်ရှိရာ လူတစ်ဦးတစ်ယောက်အဖို့တွင် တစ်လှည့်စီ ခံစားနေရပေမည်။ (လာဘော၊ အလာဘော၊ ယသော၊ အယာသော၊ နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ) တည်းဟူသော လောကဓံတရားရှစ်ပါးတို့နှင့် တွေ့သောအခါ စိတ်တုန်လှုပ်ခြင်းမရှိသော အဖြစ်သည်လည်း မင်္ဂလာတစ်ပါး။)

ဤသို့လောကဓံတရားနှင့် ကြုံတွေ့ခဲ့ရလျှင် စိုးရိမ်တုန်လှုပ်ခြင်းမရှိဘဲ။ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ကြပါလေ။ (ထိုလောကဓံတရားရှစ်ပါးတို့နှင့်တွေ့သောအခါ စိုးရိမ်ခြင်းမရှိသည်လည်း မင်္ဂလာတစ်ပါး။)

ပူပင်သောက ဖြစ်မှုကို ထိန်းသိမ်း၍ တပ်မက်ခြင်းတည်းဟူသော ရမ္မက်ကို ထိန်းချုပ်နိုင်ကြပါစေ။ (ကိလေသာဟူသော အညစ်အကြေးမှ သန့်ရှင်းခြင်းသည်လည်း မင်္ဂလာတစ်ပါး။)

အသင်တို့သည် လောကဓံတရားကို ကြံ့ကြံ့ခိုင်ရင်ဆိုင်၍ ကိလေသာ အညစ်အကြေးများကို ပယ်ဖျောက်ကာ ဤလောက လူ့ဘုံတွင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ကာ တရားဘာဝနာများကို ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း။ (ကြောက်မက်ဖွယ် ဘေးရန်ကင်းသည်ကိုလည်း မင်္ဂလာတစ်ပါး)။

အထက်ပါ မင်္ဂလာလေးပါးသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော မင်္ဂလာတရားတော်များဖြစ်ပါပေသည်။

(သုံးဆယ့်ရှစ်ဖြာ မင်္ဂလာပြီးဆုံးပါပြီ။)

လုပ်ငန်း (၄) သင်တွေ့ရှိခဲ့သော ချမ်းသာသည့် မိသားစုအကြောင်းရေးပါ။

ဖြေ ကျွန်ုပ်တို့ရပ်ကွက်မှ ဦးနေမိသားစုသည် အလွန်ချမ်းသာကြွယ်ဝသည့် မိသားစုဖြစ်ပါ

http://www.dhammadownload.com



သည်။ ဦးမနေတို့ပိုင်သော ခြံဝင်းကြီးသည် ကျွန်ုပ်တို့ရပ်ကွက်အဝင် လမ်းထိပ်တွင် တည်ရှိပါသည်။ ခြံဝင်းကျယ်ကြီးအတွင်းတွင် ကြီးမားသော နှစ်ထပ်တိုက်ကြီးရှိပါသည်။ ထို့ပြင် ကားဂိုဒေါင်နှင့် အလုပ်သမားတန်းလျားများကလည်း သီးသန့်ရှိနေပါသည်။ ဦးမနေတို့ မိသားစုတွင် ဇိမ်ခံကား နှစ်စီးရှိပြီး ကုန်တင်ကားများလည်း ရှိပါသည်။ တိုက်ကြီးထဲတွင် အိမ်ထောင်ပရိဘောဂများ၊ ဇိမ်ခံပစ္စည်းများ ပြည့်စုံစွာရှိပါသည်။ ထို့ပြင် ဦးမနေတို့မိသားစုပိုင် စက်ရုံ၊ အလုပ်ရုံများရှိသည်ဟုလည်း ကြားဖူးပါသည်။ ဦးမနေမိသားစု နေထိုင်သော ခြံဝင်းကြီးကို အုတ်တံတိုင်းကြီးခတ်ထားပြီး သံပင်ပန်းမာန်များဖြင့် စိုပြေစိမ်းလန်းနေပါသည်။

လုပ်ငန်း (၅) သင်တွေ့ရှိခဲ့သော ဆင်းရဲသည့် မိသားစုအကြောင်းရေးပါ။

ဖြေ ကျွန်ုပ်တို့ ရပ်ကွက်အတွင်းမှ ဦးသူတော်တို့ မိသားစုသည် အလွန်ဆင်းရဲကြပါသည်။ ရပ်ကွက်အစွန်ဆုံးရှိ ငမိုးရိပ်ချောင်းဘေးတွင် ဓနိမိုး၊ ပါးကပ်ကာ အိမ်ကလေးတွင် နေထိုင်ကြပါသည်။ အိမ်ထဲတွင် အိမ်သုံးပစ္စည်းအနည်းငယ်သာ ရှိပါသည်။ ဆောင်းအခါတွင် အချမ်းဒဏ်ခံနိုင်ရန် အဝတ်အထည်၊ စောင်များပင် မလုံလောက်ဟု သိရပါသည်။ ဦးသူတော်သည် ဆိပ်ကမ်းအလုပ်ကြမ်းသမားတစ်ဦးဖြစ်ပါသည်။ ဝင်ငွေနည်း၍ သားသမီးများသဖြင့် ဆင်းရဲကြပ်တည်းစွာ စားသောက်နေထိုင်ကြသည်ဟု သိရပါသည်။

လုပ်ငန်း (၆) သင်တွေ့ရှိသော ချမ်းသာသည့် မိသားစုနှင့် ဆင်းရဲသည့်မိသားစု၏ ပြဿနာအခြေအနေကို ဖော်ပြပါ။

ဖြေ ကျွန်ုပ်တွေ့ရှိသော ချမ်းသာသည့် မိသားစုတွင် စားဝတ်နေရေး ပြေလည်၍ စည်းစိမ်နှင့်နေနိုင်သော်လည်း အိမ်တွင်းရေး၌ စိတ်မချမ်းသာစရာများရှိသည်ဟု သိရပါသည်။ သူဌေးကြီး ဦးမနေသည် အရက်သေစာများ သောက်စားပျော်ပါးကာ တိတ်တိတ်ပုန်း ဇနီးတစ်ဦး ယူထား၍ ဇနီးကြီးဒေါ်ဥမ္မာနှင့် တကျက်ကျက်ရန်ဖြစ် နေကြရပါသည်။ တစ်ဦးတည်းသောသား မောင်ဇော်မျိုးထိုက်သည်လည်း ဘိန်းဖြူစွဲနေ၍ မိဘများ စိတ်မချမ်းမသာဖြစ်နေရပါသည်။ ဆင်းရဲသည့် မိသားစုဖြစ်သော ဦးသူတော်တို့မှာ အနေအထိုင် ဆင်းရဲသော်လည်း အိမ်တွင်းရေးသာယာပါသည်။ ဦးသူတော်က ရိုးရိုးသားသားနှင့် အလုပ်ကြိုးစား၍ ဇနီးဒေါ်မြမေမှာ အိမ်တွင်းမှု ထိန်းသိမ်းရာတွင် တော်သည်ဟု သိရပါသည်။ သားသမီးများကလည်း ပညာကိုကြိုးစားသင်ယူပြီး အားလပ်ချိန်တွင် မိဘများကို တတ်အားသမျှ ကူညီလုပ်ကိုင်ကြသဖြင့် ချမ်းမြေ့ဖွယ် အိမ်ထောင်စုလေး ဖြစ်နေပါသည်။

လုပ်ငန်း (၇) ကျွန်ုပ်ရပ်ကွက်ထဲမှ ချီးမွမ်းခံရသော ကျောင်းသားနှင့် အကဲ့ရဲ့ခံရသော ကျောင်းသားတစ်ယောက်စီအကြောင်းကို ရေးပြပါ။

http://www.dhammadownload.com



ဖြေ ကျွန်ုပ်ရပ်ကွက်အတွင်းမှ ကျောင်းသားမောင်အောင်နိုင်သည် လူအများချီးမွမ်းခံရသော ကျောင်းသားဖြစ်ပါသည်။ မောင်အောင်နိုင်သည် ကျောင်းမသွားမီ မိဘများအလုပ်ကို ကူညီလုပ်ကိုင်ပါသည်။ ကျောင်းကိုလည်း မှန်မှန်တက်ပါသည်။ ပညာကိုကြိုးစား သင်ယူ၍ အိမ်စာများကိုလည်း ပြီးအောင်လုပ်လေ့ရှိပါသည်။ လူကြီး၊ မိဘ၊ ဆရာသမားများကို ရိုသေစွာဆက်ဆံ၍ သူငယ်ချင်းများကို ချစ်ချစ်ခင်ခင် ဆက်ဆံပေါင်းသင်းပါသည်။ ရပ်ကွက်လူမှုရေးလုပ်ငန်းများနှင့် ကျောင်းသန့်ရှင်းရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်လေ့ရှိပါသည်။ စာမေးပွဲတိုင်းတွင်လည်း ထူးထူးချွန်ချွန် အောင်မြင်ပါသည်။ မောင်အောင်နိုင်ကို လူအများက ချီးမွမ်းကြပါသည်။

ကျွန်ုပ်တို့ရပ်ကွက်အတွင်းမှ မောင်ကျော်လှသည် လူအများကဲ့ရဲ့ခံရသော ကျောင်းသားတစ်ဦးဖြစ်ပါသည်။ မောင်ကျော်လှသည် မိဘများ၏ အလုပ်ကိုလည်း မည်သည့်အခါကမှ မလုပ်ခဲ့ပေ။ အိမ်စာများကိုလည်း ပြီးအောင်လုပ်လေ့မရှိပါ။ ကျောင်းတက်ချိန်တွင် ကျောင်းပြေးကာ ရုပ်ရှင်၊ ဗီဒီယိုကားများသွားကြည့်လေ့ရှိပါသည်။ တစ်ခါတစ်ရံ မြို့တွင်းလျှောက်လည်ကာ အပျော်ကြူးနေတတ်ပါသည်။ ရပ်ကွက်လူမှုရေး အလုပ်များနှင့် ကျောင်းတွင်းသန့်ရှင်းရေးအလုပ်များကို မည်သည့်အခါကမှ မလုပ်ဘဲ နည်းအမျိုးမျိုးနှင့် ရှောင်နေတတ်ပါသည်။ လူကြီး၊ မိဘ၊ ဆရာသမားများကိုလည်း ရိုသေရမှန်းမသိဘဲ သူငယ်ချင်းများကိုလည်း ရိုင်းပျစွာ ဆက်ဆံလေ့ရှိပါသည်။ မောင်ကျော်လှသည် စာမေးပွဲတိုင်းတွင် ကျသဖြင့် ကျောင်းထွက်လိုက်ရပါသည်။ မောင်ကျော်လှကို လူအများကဲ့ရဲ့ ရှုံ့ချကြပါသည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) လောကဓံရှစ်ပါးအနက် လေးပါးကို ရှင်းပြပါ။

ဖြေ လောကဓံရှစ်ပါးအနက် လေးပါးမှာ (၁) လာဘ်ရခြင်း၊ (၂) လာဘ်မရခြင်း၊ (၃) အခြံအရံပေါများခြင်း၊ (၄) အခြံအရံမဲ့ခြင်း တို့ဖြစ်ပါသည်။

(သို့မဟုတ်)

လောကဓံရှစ်ပါးအနက် လေးပါးမှာ (၁) ချီးမွမ်းခံရခြင်း၊ (၂) ကဲ့ရဲ့ခံရခြင်း၊ (၃) ချမ်းသာခြင်း၊ (၄) ဆင်းရဲခြင်း တို့ဖြစ်ပါသည်။

မေး (၂) "ကောင်းဆိုးနှစ်တန် အစုံတွဲလို့" ဟူသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။

ဖြေ "ကောင်းဆိုးနှစ်တန် အစုံတွဲလို့" ဟူသည်မှာ ဤလောကီဘုံတွင် အကောင်းနှင့်အဆိုးတို့

http://www.dhammadownload.com



သည့် အစဉ်အမြဲ ဒွန်တွဲလျက်ရှိနေပါသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မေး (၃) လောကဓံရှစ်ပါးနှင့် ရင်ဆိုင်တွေ့ကြုံရပါက သင်၏စိတ်သည် မည်သို့ရှိရမည်နည်း။

ဖြေ လောကဓံရှစ်ပါးနှင့် ရင်ဆိုင်တွေ့ကြုံရပါက ကျွန်ုပ်၏စိတ်သည် စိုးရိမ်တုန်လှုပ်ခြင်းမရှိဘဲ၊ ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ရပါမည်။

* *

## စစ်ဆေးအကဲဖြတ်ခြင်း

**ဤသင်ခန်းစာ၏ အဓိကအချက်မှာ မည်သည်တို့နည်း။**

- နေ့စဉ်ဘဝတွင် မြိုးခြွေ့တောပါ။ (ဤသည်မှာ ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်ပြီး၊ မင်္ဂလာတစ်ပါးလည်း ဖြစ်သည်။ )
- စိတ်ဓာတ်ကြံ့ခိုင်မှုရှိပါ။ (သို့မှသာ ကျွန်ုပ်တို့သည် အခက်အခဲများကို ကျော်လွှားနိုင်မည်။)

**သင်သည် ကလေးများ၏ ဆောင်ရွက်မှုကို မည်သို့ အကဲဖြတ်မည်နည်း။**

- **သင်ခန်းစာ သင်ယူနေစဉ်အတွင်း ကလေးများ၏ လုပ်ဆောင်မှုကို စစ်ဆေးခြင်း။** ဆရာသည် ကလေးများ၏ ပါဝင်လုပ်ဆောင်မှုအား အောက်ပါအတိုင်း စစ်ဆေးနိုင်သည်။

(၁) စာစီစာကုံး 'သင်သည် အနာဂတ်တွင် မည်ကဲ့သို့မြိုးခြွေ့တာစွာ နေထိုင်မည်နည်း' (စာသင်ချိန် ၃)

(၂) ထုတ်ဖော်တင်ပြခြင်း။ 'ကျွန်ုပ်တို့သည် ကောင်းသောလောကဓံတရားများနှင့် ရင်ဆိုင်ရသောအခါ မည်သို့တုံ့ပြန်သင့်သနည်း။ (စာသင်ချိန် ၆)

**သင်ခန်းစာသင်ယူနေစဉ်ကာလအတွင်း ကလေးများ၏ အထွေထွေလုပ်ဆောင်မှုကို ကြည့်ရှုလေ့လာခြင်း။**

ဆရာသည် သင်ခန်းစာများ သင်ယူနေစဉ်ကာလအတွင်း ကလေးများ၏ လုပ်ဆောင်မှုကို အောက်ဖော်ပြပါ စစ်ဆေးလွှာဖြင့် စစ်ဆေးနိုင်သည်။

* * *

http://www.dhammadownload.com



# သင်ခန်းစာ (၉)

## အဆုံးအမ နာယူကြ

၁။ **ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးဖြစ်ရန် မည်သည့်စိတ်နေစိတ်ထားနှင့် အပြုအမူများ (ဥပမာ– ငြိမ်းချမ်းစွာအဘွား နေထိုင်တတ်ခြင်း၊ အတတ်ပညာကို ကောင်းစွာသင်ယူ၍ အဆုံးအမကို ကောင်းစွာနာယူတတ်ခြင်းနှင့် သူတစ်ပါးကျေးဇူးကို သိတတ်ခြင်းစသည်တို့)သည် အရေးကြီးကြောင်းကို သိရှိနားလည်ပြီး လက်တွေ့ လိုက်နာကျင့်သုံးတတ်စေရန်။

၂။ **အသေးစိတ်ဦးတည်ချက်**

(၁) အတတ်ပညာကို ဆရာများထံတွင် စနစ်တကျ သင်ယူသင့်ကြောင့် ရှင်းပြတတ်ရန်။

(၂) လူကြီးမိဘတို့၏ ဆုံးမမှုကို ကောင်းစွာနာယူသင့်ကြောင်း ပြောပြတတ်စေရန်။

၃။ **သင်ခန်းစာစီစဉ်ပုံ**

**စာသင်ချိန် (၁) နှင့် (၂)**

ဤစာသင်ချိန်များတွင် အောက်ပါအချက်များကို ရရှိသွားရန် ရည်ရွယ်ပါသည်။

(၁) မည်သည့်အလုပ်ကိုဖြစ်စေ အချိန်ကိုမှန်ကန်တိကျစွာလုပ်ရန် အရေးကြီးကြောင်း။

(၂) စနစ်တကျ ပညာရှာမှီးရန် လိုအပ်ခြင်း။

(၃) ကြက်ကို ရိုက်သတ်စားလိုက်သကဲ့သို့ ရိုင်းစိုင်းကြမ်းတမ်းသော အပြုအမူမျိုးကို ရှောင်ရှားရန် လည်းအရေးကြီးကြောင်းနှင့်

(၄) လူကြီးသူမများ၏ အဆုံးအမကို အမြဲနာခံရန်တို့ဖြစ်ပါသည်။ ဆရာက "အချိန်မမှန်သည့် တောကြက်" ပုံပြင်ကို ပြောပြဆွေးနွေးခြင်းဖြင့် အရေးကြီးသည့် ၄င်းအချက်များကို ကလေးများ သိရှိနားလည်သွားကြမည် ဖြစ်သည်။

ဤအချက်များကို ထိရောက်စွာဆွေးနွေးနိုင်ရန်အတွက် မေးခွန်းများသည် အလွန်အရေးကြီးပါသည်။ ဥပမာ– 'ယခင်ကြက်နှင့် နောက်ထပ်အစားထိုးလိုက်သော ကြက်တို့၏ အပြုအမူများ အဘယ်ကြောင့် မတူညီရသနည်း။'

http://www.dhammadownload.com



'ကျောင်းသားများက ကြက်ကိုသတ်စားပြီးနောက် ဆရာကြီးက မည်ကဲ့သို့ပြောဆိုဆုံးမသနည်း၊ ၎င်း၏အဓိပ္ပာယ်မှာ အဘယ်နည်း'စသည့် မေးခွန်းများကို ကလေးများ လေးနက်စွာ စဉ်းစားတွေးတော ကြခြင်းဖြင့် တက်ကြွစွာဆွေးနွေးမှု ပြုလာစေရန် လှုံ့ဆော်ပေးနိုင်ပါသည်။

**စာသင်ချိန် (၃)**

ဤအပိုင်းတွင် ကလေးများအား ပုံပြင်ပါအဖြစ်အပျက်ကဲ့သို့ လူကြီးမိဘ၏ ဆိုဆုံးမမှုကို မနာခံခဲ့၍ ဒုက္ခ(အခက်အခဲ) တွေ့ခဲ့ရသော ၎င်းတို့၏အတွေ့အကြုံကို ပြန်လည်ထုတ်ဖော်ပြောပြကြစေရန် ဖြစ်သည်။ ဤကဲ့သို့ ၎င်းတို့၏အတွေ့အကြုံများကို ပြန်လည်ပြောပြဆွေးနွေးကြစေခြင်းဖြင့် ကလေးများသည် ပုံပြင်မှပေးသော သင်ခန်းစာကို ပိုမိုနားလည်သဘောပေါက်ပြီး ကောင်းမွန်သောအပြုအမူနှင့်စိတ်နေစိတ်ထားများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ကြမည် ဖြစ်သည်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက ကျောင်းသားများအား 'အချိန်မမှန်သည့် တောကြက်'ပုံပြင်ကို ပြောကြားပါ။

### "အချိန်မမှန်သည့် တောကြက်"

ရှေးအခါက ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်ကြားနေသည့် ကျောင်းသားတို့သည် ကြက်သံကို ဗဟိုပြု၍ စာသင်ကြားခြင်း၊ ကာယခြင်း၊ ရေချိုးခြင်း၊ အိပ်ယာဝင်ခြင်း၊ ဆရာ၏ဝေယျာဝစ္စကိုဆောင်ရွက်ခြင်းစသည့် အမှုတို့ကို ပြုလုပ်ကြရ၏။

တစ်နေ့တွင် ထိုအချိန်မှန်စွာတွန်သော ကြက်သေဆုံးသွား၍ တောမှကြက်တစ်ကောင်ကိုဖမ်းခဲ့ပြီးအစားထိုး၏။ ထိုကြက်မှာ တောကြက်အရိုင်းဖြစ်၍ အချိန်မှန်စွာမတွန်။ တွန်ချင်သောအခါ တွန်၍၊ မတွန်ချင်သောအခါ မတွန်ဘဲနေ၏။ ထို့ကြောင့် ကျောင်းသားတို့ အချိန်မမှန်ဘဲဖြစ်ကြလျက် အမျက်ဒေါသထွက်ကာ ထိုကြက်ကို သတ်ပစ်လိုက်ကြသည်။

ဆရာကြီးသည် ကြက်တွန်သံမကြား၍ တပည့်တို့အား မေးမြန်းရာ တပည့်တို့က အချိန်မှန်စွာမတွန်၍ သတ်ပစ်လိုက်ကြောင်း ရှင်းပြကြ၏။ ထိုအခါ ဆရာကြီးက 'တပည့်တို့ မိဘကိုအမှီပြု၍ နေစဉ်ကလည်း မိဘ၏အဆုံးအမကို မခံယူခဲ့။ အရွယ်ရောက်သောအခါမှာလည်း ဆရာများထံနည်းခံသူသည် ဤကြက်ကဲ့သို့ပင် အခါဟုတ်သည် မဟုတ်သည်ကို မသိတကား'ဟု ပြောဆိုဆုံးမလေသည်။

*

http://www.dhammadownload.com



လုပ်ငန်း (၂) ထို့နောက်ကျောင်းသားများအား အုပ်စုလိုက် အောက်ပါအချက်များကို ဆွေးနွေးပါစေ။

မေး (၁) အရင်မွေးထားတဲ့ ကြက်ကနေ့စဉ် ဘာလုပ်ပါသလဲ။ အချိန်မှန်နာရီတစ်ခုကဲ့သို့ နေ့စဉ်အချိန်မှန်မှန် တွန်လေ့ရှိပါတယ်။

မေး (၂) နောက်မွေးတဲ့တောကြက်က နေ့စဉ်ဘာလုပ်သလဲ။

သူတွန်ချင်တဲ့ အချိန်မှာတွန်ပါတယ်။

မေး (၃) ယခင်ကြက်နဲ့ နောက်ကြက်ဘာကြောင့် ဒီလိုကွာခြားရတာလဲ။

မူလကြက်က အချိန်ကြာကြာ လေ့ကျင့်ထားတော့ လုပ်ငန်းကိုမှန်မှန် လုပ်တတ်တဲ့ အကျင့်ရနေပြီး၊ နောက်ကြက်ကတော့ လေ့ကျင့်မှုမရှိသေးလို့ အချိန်မှန်မှန် မတွန်တတ်တာ တွေ့ရပါတယ်။

အုပ်စုတစ်စုချင်းက ၄င်းတို့ထင်မြင်ချက်ကို တင်ပြကြပါလိမ့်မည်။

**ဆရာက နောက်မွေးတဲ့ကြက်ဟာ မှန်မှန်မတွန်တဲ့အတွက် ဘာဖြစ်သွားသလဲဟု မေးပါ။**

ကျောင်းသားများ အောက်ပါအကြောင်းအရာများကို ဆွေးနွေးပါစေ။

မေး (၁) ကြက်အသစ်ဟာ မှန်မှန်မတွန်တဲ့အတွက် ဘာဖြစ်သွားလဲ။

ကျောင်းသားများက သတ်စားလိုက်တယ်။

မေး (၂) ကျောင်းသားများက ကြက်ကိုသတ်စားပြီးနောက်မှာ သူတို့ရဲ့ဆရာကြီးက အဲဒါနဲ့ ပတ်သက်ပြီး ဘာပြောသလဲ။ 'တပည့်တို့ မိဘကိုအမှီပြု၍ နေစဉ်ကလည်း မိဘ၏ အဆုံးအမကို မခံယူခဲ့။ အရွယ်ရောက်သောအခါမှာလည်း ဆရာများထံ နည်းမခံသူ သည် ဤကြက်ကဲ့သို့ပင် အခါဟုတ်သည် မဟုတ်သည်ကို မသိတကား'ဟုပြောဆို ဆုံးမပါသည်။

မေး (၃) ဒီပုံပြင်ရဲ့အဓိက ပညာပေးတဲ့အချက်က ဘာလဲ။

အဓိက ပညာပေးတဲ့အချက် (၄)ချက်ရှိပါတယ်။

(၁) လုပ်ဆောင်ဖွယ်ရာ မှန်သမျှကို အချိန်မှန်လုပ်ဆောင်ရန် အရေးကြီးသည်။

(၂) ထိုသို့လုပ်ဆောင်နိုင်ရန် သွန်သင်ဆုံးမမှုကို နာယူရန်လိုအပ်သည်။

http://www.dhammadownload.com



(၃) မကောင်းသော အပြုအမူများ (ဥပမာ– ဆေးလိပ်ကိုသတ်ခြင်း)ကို ရှောင်ရှားခြင်းနှင့်

(၄) လူကြီးမိဘဆရာသမားတို့၏ အဆုံးအမကို နာခံရန်အရေးကြီးသည်။

ကျောင်းသားများ အုပ်စုလိုက် မိမိတို့ယူဆချက်ကို တင်ပြပါစေ။

ထို့နောက် ဆရာက ကလေးများ၏ တင်ပြချက်များအပေါ်တွင် အခြေခံ၍ အထက်ပါ အချက်(၄)ချက် ပါဝင်အောင် ဖြည့်စွက်ဆွေးနွေးရှင်းလင်းပါ။

ထို့နောက် ဆရာမိဘနှင့် လူကြီးများပြောစကားကို နားမထောင်သောကြောင့် မကြုံ့ကြိုရသော အတွေ့အကြုံအကြောင်းနှင့် အခက်အခဲများအကြောင်း စာစီစာကုံး တိုလေးတစ်ပုဒ် ရေးသားစေ၍ ကလေးများအား လုပ်ငန်းပေးပါ။

*

လုပ်ငန်း (၃) ဆရာက အချိန်မမှန်သည့် ဆေးကြက်အကြောင်းကို ပြန်လည်ဆွေးနွေးပါ။

ကျောင်းသားများ ပုံပြင်ထဲမှ အဓိကရလိုက်သော သင်ခန်းစာ (၄)ခုမှာ –

(၁) မည်သည့်ကိစ္စမဆို အချိန်မှန်မှန် ဆောင်ရွက်ရန်။

(၂) လိုအပ်သော ပညာကိုစနစ်တကျ သင်ယူရန်။

(၃) ရိုင်းစိုင်းသော အပြုအမူမျိုးကို ရှောင်ရှားရန်နှင့်

(၄) လူကြီးမိဘဆရာသမားတို့၏ အဆုံးအမကို နာခံရန်။

ဆရာက ကျောင်းသားများအား လူကြီးမိဘတို့စကားကို နားမထောင်၍ တွေ့ရသော အတွေ့အကြုံနှင့် အခက်အခဲများကို ပြောပြပါစေ။

အချို့သော ကျောင်းသားများက ၎င်းတို့အတွေ့အကြုံကို တင်ပြကြပါလိမ့်မည်။

ထို့နောက် ကျောင်းသားများအား အောက်ပါအချက်များကို ဆွေးနွေးပါစေ။

မေး (၁) လူကြီးမိဘ ဆရာစကားကို ဘာကြောင့် နားထောင်ရတာလဲ။

မေး (၂) ဘာအကျိုးကျေးဇူးတွေ ရလာနိုင်သလဲ။

မေး (၃) ဆိုးကျိုးများကို ရှောင်ရှားရန်အတွက် ဘာလုပ်သင့်သလဲ။

ဆရာက ဤသင်ခန်းစာ၏ အဓိကအချက် (၄)ချက်ကို ထပ်မံပြော၍ နိဂုံးချုပ်ပါ။

http://www.dhammadownload.com



(၁) အချိန်မှန်မှန်လုပ်ရန်။

(၂) ပညာကိုစနစ်တကျ သင်ယူရန်။

(၃) ရိုင်းစိုင်းသော အပြုအမူရှောင်ရန်။

(၄) လူကြီးသူမဆရာသမားတို့၏ အဆုံးအမကို နာခံရန်။

*

လုပ်ငန်း (၄) အချိန်မမှန်သည့် တောကြက်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ အချိန်မမှန်သည့် တောကြက်ကို သင်ယူရခြင်းဖြင့် ရရှိသောအသိပညာများမှာ ကြက်များသည် အချိန်မှန်စွာ တွန်လေ့ရှိကြောင်း သိစေခြင်း၊ တိရစ္ဆာန်ပင် ဖြစ်သော်လည်း မိဘ၏သွန်သင်ဆုံးမပြုမှုသည် အရေးကြီးကြောင်း သိစေခြင်းတို့ ဖြစ်ပါသည်။

လုပ်ငန်း (၅) အချိန်မမှန်သည့် တောကြက်၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ အချိန်မမှန်သည့် တောကြက်၏ သင်ယူမှု ရည်ရွယ်ချက်များမှာ –

(က) အတတ်ပညာကို ဆရာများထံတွင် စနစ်တကျ သင်ယူသင့်ကြောင်း သိရှိစေရန်။

(ခ) လူကြီးမိဘတို့၏ ဆုံးမမှုကို ကောင်းစွာနာယူသင့်ကြောင်း သိရှိစေရန်တို့ဖြစ်ပါသည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) ကျောင်းသားတို့သည် ကြက်တွန်သံကို အမှတ်အသားပြု၍ မည်သည့်ကိစ္စများကို ပြုလုပ်ကြသနည်း။

ဖြေ ကျောင်းသားတို့သည် ကြက်တွန်သံကို အမှတ်အသားပြု၍ စာကြည့်ခြင်း၊ အိပ်ယာဝင်ခြင်းတို့ကို ပြုလုပ်ကြပါသည်။

မေး (၂) တောကြက်နှင့် အိမ်မွေးကြက်တို့သည် မည်သည့်အချက်တွင် ကွာခြားသနည်း။

ဖြေ တောကြက်နှင့် အိမ်မွေးကြက်တို့သည် အချိန်မှန်ကန်ခြင်းရှိ၊ မရှိ၌ ကွာခြားပါသည်။ အိမ်မွေးကြက်သည် အချိန်မှန်တွန်ခြင်းရှိပြီး၊ တောကြက်သည် အချိန်မှန်တွန်ခြင်းမရှိဘဲ တွန်ချင်သည့်အချိန်တွင် တွန်တတ်ပါသည်။

http://www.dhammadownload.com



မေး (၃) မိဘဆုံးမမှုကို မခံယူပါက မည်သို့ဖြစ်လာနိုင်သနည်း။

ဖြေ မိဘဆုံးမမှုကို မခံယူပါက အခါဟုတ်သည် မဟုတ်သည်ကို မသိနိုင်၊ မခွဲခြားနိုင်ဘဲ ထင်ရာလုပ်လာနိုင်ပါသည်။

မေး (၄) ဆရာများ၏ သင်ကြားပြသမှုကို နာယူလိုက်နာပါက မည်သည့်အကျိုးရရှိမည်နည်း။

ဖြေ ဆရာများ၏ သင်ကြားပြသမှုကို နာယူလိုက်နာပါက အခါဟုတ်သည် မဟုတ်သည်။ အကောင်းအဆိုးတို့ကို ခွဲခြားနိုင်ပြီး၊ မှန်ကန်သော အလုပ်တို့ကိုသာ လုပ်ကိုင်တတ်သည့် အကျိုးကျေးဇူးရရှိမည် ဖြစ်ပါသည်။

မေး (၅) ဤပုံပြင်မှ မည်သည့် သင်ခန်းစာ ရရှိသနည်း။

ဖြေ ဤပုံပြင်မှ ရရှိသော သင်ခန်းစာဟာ မိဘကိုအမှီပြု၍ နေစဉ်တွင် မိဘအဆုံးအမကို မခံယူခဲ့။ အရွယ်ရောက်သောအခါလည်း ဆရာ့ထံနည်းမခံသူသည် တောကြက်ကဲ့သို့ပင် ဟုတ်သည်မဟုတ်သည်ကို မသိနိုင်ဟူ၍ ဖြစ်ပါသည်။

* *

## စစ်ဆေးအကဲဖြတ်ခြင်း

**ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာများမှာ အဘယ်နည်း။**

- မည်သည့်ကိစ္စမဆို အချိန်မှန်မှန် ပြုလုပ်ခြင်း။
- မှန်ကန်စွာ လုပ်ဆောင်တတ်ရန် စနစ်တကျပညာရှာမှီးရန် လိုအပ်ခြင်း။
- ရိုင်းစိုင်းသော အပြုအမူရှောင်သင့်ခြင်း။
- လူကြီးသူမများ၏ အဆုံးအမကို နာခံရန်။

**ကလေးများ ပါဝင်ဆောင်ရွက်မှုကို စစ်ဆေးရန် နမူနာနည်းလမ်းများ။**

- **ကလေးများ၏ စီကုံးရေးသားခြင်းကို စစ်ဆေးခြင်း။**

ဤသင်ခန်းစာတွင် လူကြီးမိဘစကားကို နားမထောင်ပါက တွေ့ကြုံရမည့် အခက်အခဲများ၊ ရလာဒ်များကို စီကုံးရေးသားစေပြီး ၎င်းလုပ်ငန်းကို စစ်ဆေးခြင်းအားဖြင့် ကလေးများ ဤသင်ခန်းစာမှ အဓိကအချက်ကြီး(၄)ချက်ကို သင်ယူရရှိသွားခြင်း ရှိ/မရှိကို သိနိုင်ပါသည်။

F.3.A

http://www.dhammadownload.com



**သင်ယူနေစဉ်အတွင်း ကလေးများ၏ ပါဝင်လုပ်ဆောင်မှုကို လေ့လာခြင်း။**

ဆရာက ကလေးများ၏ပါဝင်လုပ်ဆောင်မှုကို သင်ခန်းစာယူနေစဉ်အတွင်း စစ်ဆေးနိုင်သည့်ပြင် စစ်ဆေးအကဲဖြတ်ပုံစံဖြင့်လည်း စစ်ဆေးနိုင်ပါသည်။

* * *

# သင်ခန်းစာ(၁၀)

## ကျေးဇူးတရား တန်ဖိုးထား

**၁။ ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးဖြစ်ရန် မည်သည့်စိတ်နေစိတ်ထားနှင့် အပြုအမူများ (ဥပမာ– ဖြိုးဖြိုးမြွေတာစွာ နေထိုင်တက်ခြင်း၊ အတတ်ပညာကို ကောင်းစွာသင်ယူ၍ အဆုံးအမကို ကောင်းစွာနာယူတတ်ခြင်းနှင့် သူတစ်ပါးကျေးဇူးကို သိတတ်ခြင်းစသည်တို့) သည် အရေးကြီးကြောင်းကို သိရှိနားလည်ပြီး လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်။

**၂။ အသေးစိတ်ဦးတည်ချက်**

(၁) တစ်ပါးသူ၏ ကျေးဇူးကိုသိပြီး ကျေးဇူးတရားကို စောင့်ထိန်းရန်လည်း အရေးကြီးကြောင်း ပြောပြတတ်စေရန်။

(၂) စိတ်ထားယုတ်ညံ့က ဒုက္ခရောက်တတ်ကြောင်းကို ရှင်းပြတတ်ရန်။

**၃။ သင်ခန်းစာစီစဉ်ပုံ**

**စာသင်ချိန် (၁) နှင့် (၂)**

ဤသင်ခန်းစာ၏ အဓိကအချက်မှာ ကျေးဇူးရှိသူအား ကျေးဇူးသိတတ်ရန်နှင့် စိတ်ထားယုတ်ညံ့ပါက ပျက်စီးတတ်ကြောင်း နားလည်သွားစေရန်ဖြစ်သည်။ ဖော်ပြပါ အဓိကအချက်များကို ကလေးများ ရှင်းလင်းစွာ နားလည်နိုင်ရန် 'ဝံသူတော်'ပုံပြင်ကို အသုံးပြု၍ သင်ကြားရန်ဖြစ်သည်။

ဤသင်ခန်းစာတွင် မုဆိုးနှင့် ဝံသူတော်တို့၏ ကွဲပြားခြားနားသည့်အတွေးများကို ကလေးများ တွေးမိစေရပါမည်။ မုဆိုးအပေါ်တွင် ထားရှိသည့် ဝံသူတော်၏အတွေးနှင့် ခံစားချက်များ ပြောင်းလဲလာပုံ အဆင့်ဆင့်ကို အကြောင်းပြချက်များဖြင့် ရှင်းလင်းစွာ သင်ပြပေးသင့်ပါသည်။

http://www.dhammadownload.com



**စာသင်ချိန် (၃)**

ဤသင်ခန်းစာပါ အတွေ့အကြုံများနှင့်တူသော မိမိတို့၏ အတွေ့အကြုံများကို ဆရာတပည့် ဝေမျှကြပါမည်။ အတန်းသားအချင်းချင်း ဆွေးနွေးရန်လည်း အချိန်ပေးရပါမည်။ အချင်းချင်း အတွေ့အကြုံ ဖလှယ်ပြီးပါက ၎င်းသင်ခန်းစာ ဆိုလိုချက်ကို နက်နက်နဲနဲ သိမြင်ပြီး ၎င်းတို့၏သဘောထားများလည်း ပြောင်းလာနိုင်ရန် ရည်ရွယ်ပါသည်။

နိဂုံးချုပ်အားဖြင့် ဤသင်ခန်းစာ၏အဓိက အချက်ကိုပိုမိုသေချာစွာ သဘောပေါက် နားလည်စေရန် ကလေးအားလုံးကို ပြန်လည်ပြောပြနိုင်းရပါမည်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက တစ်စုံတစ်ယောက်က ကြင်နာခင်မင်မှု၊ ကူညီမှုပြုသော်လည်း ကျေးဇူး မသိတတ်သူနှင့် ပတ်သက်သော အတွေ့အကြုံဖြင့် နိဒါန်းပျိုးပါ။

ဆရာက 'မင်းတို့မှာ ဒီလိုအတွေ့အကြုံမျိုးရှိရင် ပြောပြပါ'လို့ ကလေးများအား ပြောပါ။

ကျောင်းသားများက ၎င်းတို့အတွေ့အကြုံကို ပြောပါမည်။

ဆရာက ဤသင်ခန်းစာ၏အဓိက (၂)ချက်ကို ပြောပြပြီး နိဂုံးချုပ်ပါ။

(၁) တစ်စုံတစ်ယောက်၏ ပြုဖူးသော ကျေးဇူးတရားကို သိတတ်ရန်။

(၂) စိတ်ထားယုတ်ညံ့လျှင် ပျက်စီးတတ်ကြောင်း

ကလေးများက ဖော်ပြပါ အဓိက နှစ်ချက်ကို မှတ်သားကြရန် ဖြစ်သည်။

လုပ်ငန်း (၂) အောက်ဖော်ပြပါ ဝတ္ထုကို ဆရာကဖတ်ပြပြီး တပည့်များ နားလည်အောင် ပုံပြော သကဲ့သို့ ပြောပြပါ။

### ဝံသူတော်

ရှေးအခါက မုဆိုးတစ်ဦးသည် အမဲပစ်ရန် တောသို့သွားရာ အမဲ့ကောင်မရခဲ ကောနက်ကြီးထဲတွင် မျက်စိလည်လမ်းမှားနေ၏။ ညသို့ရောက်သော် ပြန်လမ်းမတွေ့ဘဲ ကျားကြီးတစ် ကောင်နှင့် တွေ့ရ၏။ ထို့ကြောင့် နီးစပ်ရာသစ်ပင်ပေါ်သို့ တက်လိုက်ရ၏။ ထိုသစ်ပင်မှာ ဝံတစ်ကောင် သည် သားသမီးများနှင့် အသိုက်အအုံ ပြုလုပ်နေ၏။ ကျား၏ဘေးရန်ကြောင့် ရောက်လာသော မုဆိုးကို

http://www.dhammadownload.com



ကောင်းမွန်စွာ ကြိုဆိုလက်ခံသည်။ ကျားသည် သစ်ပင်ပေါ်မှ ဝံကိုခေါ်ကာ လူသားကို လက်မခံထားရန်နှင့် ကျေးဇူးကန်းတတ်သူများဖြစ်၍ တွန်းချလိုက်ရန် တိုက်တွန်း၏။ သို့သော်လည်း ဝံက တွန်းမချသဖြင့် ကျားလည်း သစ်ပင်အောက်မှ ထွက်သွားသည်။ မကြာမီ ပြန်လာပြီး မုဆိုးကိုခေါ်ပြီး အသင်လူသား သင် မသေလိုလျှင် ဝံကိုအမှတ်တမဲ့ တွန်းချလိုက်ပါ။ မကြာမီ သင်သည် ဝံ၏အစာဖြစ်လိမ့်မည်ဟု အကြံပြု ပြန်သည်။

လူသားကား ဟုတ်လိမ့်နိုးဟုထင်ကာ အလစ်တွင် ဝံကိုတွန်းချ၏။ သို့သော် ဝံသည် သတိထား ပြီးနေသဖြင့် သစ်ကိုင်းကို ဆွဲထားပြီး ပြန်တက်လာနိုင်သဖြင့် ကျားကိုက်မခံရပေ။ မုဆိုးလဲ လွန်စွာလန့် သွား၏။

သို့သော် ဝံက မိမိထံလာသော ဧည့်သည်အား အဆုံးတိုင်ကူညီပါမည်ဟု နှစ်သိမ့်သည်။ နံနက်ရောက်သော် ဝံသည် လူသားအတွက် သစ်သီးဝလံရှာဖွေရန် ပြင်ဆင်ပြီး ၎င်း၏သားသမီးများကို စောင့်ရှောက်ရန် မှာကြားခဲ့သည်။ မုဆိုးသည် ဆာလောင်မှုကို သည်းမခံနိုင်၍ ဝံကလေးများကို သတ်စား တော့သည်။

ဝံပြန်လာသောအခါ သားသမီးများ၏ အရိုးအရေများကို မြင်ရသောအခါ သစ်ပင်ပေါ်မှ တွန်း ချသည်ထက် စိတ်နှလုံးထိခိုက်သော်လည်း ယုတ်မာခြင်းကို ယုတ်မာခြင်းနှင့် တုန့်ပြန်ရန် ဝန်လေးသဖြင့် မိမိယူဆောင်လာသော သစ်သီးများကို ကောင်းစွာကျွေး၍ အပြန်လမ်းကို ညွှန်ပြ၏။ ထိုအခါ မုဆိုးသည် ကျေးဇူးရှင် ဝံသူတော်ကို မြားဖြင့်သတ်ဖြတ်ပြီး ယူဆောင်ကာ ရွာသို့ပြန်လေသည်။

အိမ်သို့ရောက်၍ များမကြာမီရက်အတွင်း တစ်ကိုယ်လုံး အဖုအပိန့်များ ထွက်ကာ ကုဋ္ဌနူနာ ရောဂါဖြစ်ပြီး ရွာပြင်၌ ဆင်းရဲစွာနေရလေသည်။

လုပ်ငန်း (၃) ဝံသူတော်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

**ဖြေ** ဝံသူတော်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ဒုက္ခရောက်နေသူအား မိမိကကောင်းမြတ်သော စိတ်ထားဖြင့် ကယ်တင်ခဲ့သော်လည်း မိမိအပေါ် မကောင်း ကြံသူများရှိတတ်သည်ဟူသော အသိရှိစေခြင်း၊ တစ်ဖက်သား၏ စကားကိုချင့်ချိန်ပြီး မှယုံကြည်အပ် သည်ဟူသော အသိရရှိစေခြင်း၊ ကျေးဇူးရှင်ကို ပြစ်မှားလျှင် ဘေးဒုက္ခနှင့် တွေ့ကြုံရသည်ဟူသော အသိ ရရှိစေခြင်းတို့ဖြစ်ပါသည်။

လုပ်ငန်း (၄) ဝံသူတော်၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ဝံသူတော်၏ သင်ယူမှု ရည်ရွယ်ချက်များမှာ –

http://www.dhammadownload.com



(က) ကျေးဇူးရှင်ကို ကျေးဇူးမကန်းဘဲ ကောင်းမြတ်သော စိတ်ထားဖြင့် ဆက်ဆံတတ်ရန်။

(ခ) မိတ်ဆွေအပေါင်းအသင်းများကြားတွင် ဂုဏ်ကျေးတတ်သူများရှိကြောင်း သိစေရန်။

(ဂ) စိတ်ထားယုတ်ညံ့ ဒုက္ခရောက်တတ်ပုံကို သိစေရန်တို့ဖြစ်ပါသည်။

လုပ်ငန်း (၅) သင့်အိမ်သို့ လာရောက်သည့် သူငယ်ချင်းအား မည်သို့ဆက်ဆံသနည်း။

ဖြေ ကျွန်ုပ်တို့အိမ်သို့ လာရောက်သည့် သူငယ်ချင်းအား ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံပါမည်။

လုပ်ငန်း (၆) သင့်သူငယ်ချင်းသည် သင်မသိဘဲ ပစ္စည်းတစ်ခုခုကို ခိုးယူသွားပါက သင့်စိတ်တွင် မည်သို့ ခံစားရမည်နည်း။

ဖြေ ကျွန်ုပ်သူငယ်ချင်းသည် ကျွန်ုပ်မသိဘဲ ပစ္စည်းတစ်ခုခုကို ခိုးယူသွားပါက မိုက်မဲခြင်းကို မိုက်မဲခြင်းနှင့် မတုန့်ပြန်လိုဘဲ သည်းခံခွင့်လွှတ်လိုက်ပါသည်။

လုပ်ငန်း (၇) သင်တို့ သူငယ်ချင်းနှစ်ယောက် ချစ်ခင်စွာနေခြင်းကို အခြားသူတစ်ယောက်က လာရောက်နှောင့်ယှက်လျှင် သင်မည်သို့ပြုလုပ်မည်နည်း။

ဖြေ ကျွန်ုပ်၏သူငယ်ချင်းနှစ်ယောက် ချစ်ခင်စွာနေခြင်းကို အခြားသူတစ်ယောက်က လာရောက်နှောင့်ယှက်လျှင် သည်းခံခွင့်လွှတ်၍ ကောင်းမွန်စွာ ဖျောင့်ဖြပြောဆိုပါမည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) မုဆိုးသည် အဘယ်ကြောင့် သစ်ပင်ပေါ်သို့ တက်ရသနည်း။

ဖြေ မုဆိုးသည် ကျားကြီးတစ်ကောင်နှင့်တွေ့၍ သစ်ပင်ပေါ်သို့ တက်ရပါသည်။

မေး (၂) ဝံသူတော်မိသားစုသည် အဘယ်ကြောင့် သစ်ပင်ပေါ်၌ နေထိုင်သနည်း။

ဖြေ ဝံသူတော်မိသားစုသည် သားသမီးများနှင့် အသိုက်အအုံ ပြုလုပ်ထား၍ သစ်ပင်ပေါ်၌ နေထိုင်ပါသည်။

မေး (၃) ကျားသည် ကောက်ကျစ်စဉ်းလဲသော သတ္တဝါဖြစ်ပါသလား။ အဘယ့်ကြောင့်နည်း။

http://www.dhammadownload.com



ဖြေ ကျားသည် ကောက်ကျစ်စဉ်းလဲသော သတ္တဝါဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့အစာအလို့ငှာ ဝံနှင့်လူသားတို့ကို နည်းအမျိုးမျိုးနှင့် လှည့်စားကာ တစ်ဦးကိုတစ်ဦး သစ်ပင်ပေါ်မှ တွန်းချရန် အကြံပြုတိုက်တွန်းသောကြောင့် ဖြစ်ပါသည်။

မေး (၄) သစ်သီးများ မစားမီ မုဆိုးသည် မည်သည်တို့ကို စားခဲ့သနည်း။

ဖြေ သစ်သီးများ မစားမီ မုဆိုးသည် ဝံကလေးများကို သတ်၍စားခဲ့ပါသည်။

မေး (၅) ကျေးဇူးပြုဖူးသော သူကိုကျေးဇူးကန်းသင့်ပါသလား။

ဖြေ ကျေးဇူးပြုဖူးသောသူကို ကျေးဇူးမကန်းသင့်ပါ။

မေး (၆) ဤပုံပြင်မှ မည်သည့်သင်ခန်းစာကို ရရှိသနည်း။

ဖြေ ဤပုံပြင်မှရရှိသော သင်ခန်းစာမှာ ကျေးဇူးပြုဖူးသောသူကို ကျေးဇူးကန်းလျှင် နောက်ဆုံး၌ဆင်းရဲဒုက္ခကျရောက်ရကြောင်း ဖြစ်ပါသည်။

* *

## စစ်ဆေးအကဲဖြတ်ခြင်း

**ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာများမှာ အဘယ်နည်း။**

– ကျေးဇူးသိတတ်ရန်လိုအပ်ကြောင်း။

– စိတ်ထားယုတ်ညံ့သူများ ပျက်စီးတတ်ကြောင်း။

**ကလေးများ ပါဝင်မှုကို မည်ကဲ့သို့ စစ်ဆေးမည်နည်း။**

– **စီကုံးရေးသားစေခြင်း။**

ဆရာက ကလေးများ၏ နားလည်သဘောပေါက်မှုအဆင့်နှင့် လိုက်ဖက်သည့် စာပိုဒ်တစ်ပိုဒ်ကို စီကုံးရေးသားစေရပါမည်။ ၄င်းသည် သင်ခန်းစာ၏ အဓိက အသိသညာကိုအခြေခံရေးသားရမည့် ခေါင်းစဉ်မျိုးဖြစ်ရမည်။ (ဥပမာ – ကျေးဇူးသိခြင်း)

*

## နမူနာစီကုံးရေးသားမှုမေးခွန်း

အောက်ပါစာပိုဒ်ကိုဖတ်ပါ။ ပြီးနောက် ဖော်ပြပါအခြေအနေမျိုးတွင် သင်သာဖြစ်နေပါက သင့်ထင်မြင်ချက်ကို ရေးသားပါ။

http://www.dhammadownload.com



(၁) သင့်တွင် သင့်အခက်အခဲရှိတိုင်း ကူညီတတ်သည့် 'မောင်မောင်'ဟုခေါ်သော သူငယ်ချင်းကောင်း တစ်ယောက်ရှိသည် ဆိုပါစို့။ သင်၏ဖတ်စာအုပ်အိမ်တွင် မေ့ကျန်ရစ်သည့် နေ့ ဂါတာသင်ချိန်တွင် သူကသူ၏စာအုပ်ကို သင့်အားအတူတကွ ဖတ်စေသည်။ အခြားတစ်ရက်ကလည်း ကာယလေ့ကျင့် ခန်းလုပ်နေစဉ်အတွင်း သင်မတော်တဆ ဒဏ်ရာရသွားသောကြောင့် မောင်မောင်သည် ဆရာ၊ ဆရာမတို့နှင့်အတူ သင့်ကို ဆေးရုံသို့ လိုက်ပို့ပေးခဲ့သည်။

တစ်နေ့ညနေ သင်အိမ်သို့ပြန်လာရာလမ်းတွင် မောင်မောင့်ကို အခြားကလေးတချို့ ကအနိုင် ကျင့်နေကြသည်ကို သင်မြင်တွေ့ရသည်ဆိုပါစို့။ ထိုကလေးများသည် သင်၏အိမ်နီးနားချင်းများဖြစ်ပြီး မည်သူနှင့်မဆို ရန်ဖြစ်ရန်ဝန်မလေးတတ်သူများဖြစ်သည်။ သို့ဆိုလျှင် ထိုအချိန်တွင် သင်ဘာလုပ် မည်နည်း။

(၂) သင်သည် လူတိုင်းအပေါ် ရက်ရော၍ ကြင်နာတတ်သူဖြစ်သောကြောင့် သင့်ကိုအတန်းသား အားလုံးက ချစ်ခင်နှစ်သက်ကြသည်။ သင်သည် လူတိုင်းကို ယုံလွယ်သောကြောင့် သင်၏သူငယ်ချင်းတချို့က သင့်အပေါ်တွင် အခွင့်ကောင်းယူလေ့ရှိသည်။ တစ်နေ့ သင့်သူငယ်ချင်းတစ်ယောက် သင့်အနားသို့ မျက်နှာငယ်လေးဖြင့် ရောက်လာသည်။ ထိုအခါ သင်က 'မင်းတစ်ခုခု ဖြစ်လာတယ်မဟုတ်လား။ ဘာဖြစ်တာလဲ၊ ငါ့ကိုပြောပြပါလား'ဟုပြောသောအခါ သင်၏သူငယ်ချင်းက လေ့ကျင့်ခန်း စာအုပ် တစ်အုပ်ဝယ်ဖို့ဆိုပြီး အမေက ဒီမနက် ငါ့ကိုပိုက်ဆံပေးလိုက်တယ်။ အဲဒါ အခုပျောက်သွားပြီ။ အမှန်အတိုင်း ငါပြောပြရင် အမေက ငါ့ကိုဆူတော့မှာပဲ"ဟု သင့်ကိုရှင်းပြသည်။ သင့်တွင် မုန့်ဖိုး အပိုရှိနေသောကြောင့် သင်က သင့်သူငယ်ချင်းလိုနေသော ပိုက်ဆံကိုထုတ်ချေးလိုက်ရာ သင့်သူငယ် ချင်းက ဝမ်းသာအားရနှင့် ပြောသည်မှာ "ကျေးဇူးပါပဲ သူငယ်ချင်းရာ မနက်ဖြန်ကျရင် မင်းပိုက် ဆံတွေ ပြန်ပေးပါ့မယ်"။ နောက်တစ်နေ့တွင် သင်သူနှင့်တွေ့သည်။ သူက ချေးသွားတဲ့ပိုက်ဆံ အကြောင်း လုံးဝမပြောဘဲနေသည်။ ထိုအခါသင်က "သူငယ်ချင်းရေ မင်းမနေ့က ငါ့ဆီက ယူသွား တဲ့ပိုက်ဆံတွေ ပြန်ပေးပါကွာ"ဟုပြောသောအခါ သူက "မင်းဆီက ဘာပိုက်ဆံမှ ငါမချေးရပါလား။ လာနောက်မနေပါနဲ့ကွာ" ဟုအံ့ဩသည့်လေသံဖြင့် ပြန်ပြောလိုက်သည်။ ထိုသို့ဖြစ်ပြီး ရက်သတ္တပတ် ပေါင်းများစွာ ကြာသည့်တိုင် သူကပိုက်ဆံချေးသည့်ကိစ္စကို လုံးဝလျစ်လျူရှုထားသည်။ ထိုသို့ ကြုံတွေ့ရပါက သင်မည်ကဲ့သို့ ခံစားရမည်နည်း။ သင်ဘာလုပ်မည်နည်း။

*

http://www.dhammadownload.com



- **သင်ခန်းစာသင်နေစဉ်အတွင်း ကလေးများ၏ လုပ်ဆောင်မှုကို လေ့လာခြင်း။**

စာသင်ချိန်များအတွင်း ဆရာက ကလေးများ၏ လုပ်ဆောင်မှုကို စစ်ဆေးနိုင်ပြီး အကဲဖြတ်ပုံစံ (သင်ခန်းစာ ၁၁ တွင် ဖော်ပြထားသည့်အတိုင်း) ဖြင့်လည်း စစ်ဆေးနိုင်ပါသည်။

*

## အဓိကအချက်များ

- **ကလေးများသည် သင်ခန်းစာပါ အကြောင်းအရာများကို လွတ်လပ်စွာ တွေးခေါ်စဉ်းစား ကြပြီး၊ ၎င်းတို့၏ ကိုယ်ပိုင်အတွေးအမြင်များနှင့် အယူအဆများကို ထုတ်ဖော်လာကြစေခြင်း။**

ဤအခန်းတွင်လည်း ယခင်သင်ခန်းစာများမှာကဲ့သို့ပင် စိတ်ဝင်စားဖွယ်ရာ ပုံပြင်များစွာကို ထည့်သွင်းထားပါသည်။ လူကောင်းလူမွန် တစ်ယောက်ဖြစ်ရန်အတွက် မည်သည့်အရာသည် အရေးကြီးကြောင်းကို ဤပုံပြင်များထဲမှ လေ့လာသင်ယူနိုင်ကြမည်ဖြစ်သည်။ ယခင် သင်ခန်းစာများနှင့်မတူဘဲ ဤသင်ခန်းစာတွင် ကလေးများ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်ရန် ပိုမိုလမ်းဖွင့်ပေးထားပါသည်။ ထို့ကြောင့် ပုံပြင်ထဲမှ အသိသညာများနှင့်မတူသော အတွေးအခေါ်များလည်း ကလေးများထံမှ တစ်ခါတစ်ရံ ထွက်ပေါ်လာနိုင်ပေသည်။ ဤကဲ့သို့ ဖြစ်ခဲ့လျှင်လည်း ဆရာသည် ကလေးများ၏အတွေးအခေါ် အယူအဆကို အလေးဂရုပြုရမည်ဖြစ်ပြီးနောက်မှ ဆက်လက်၍ မိမိသတ်မှတ်ထားသော သင်ခန်းစာ ဦးတည်ချက်သို့ရောက်အောင် လမ်းညွှန်ပေးရန် လိုအပ်ပါသည်။

* * *

# သင်ခန်းစာ(၁၁)

## ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများ (၁)

၁။ **ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးအနေဖြင့် ကျင့်သုံးသင့်သော လိမ္မာယဉ်ကျေးစွာ ပြုမူဆက်ဆံခြင်း၊ ငါးပါးသီလကိုစောင့်ထိန်းခြင်း၊ တာဝန်ကျေပွန်ခြင်းစသည့် ကောင်းသောအမူအကျင့်များအတိုင်း ဆက်ဆံနေထိုင်တတ်ရန်။

http://www.dhammadownload.com



## ၂။ အသေးစိတ်ဦးတည်ချက်

(၁) လူကြီးမိဘဆရာသမားတို့၏ ရှေ့မှောက်တွင် ယဉ်ကျေးစွာ သွားလာတတ်စေရန်။

(၂) လူတိုင်းလိုက်နာအပ်သည့် ယဉ်ကျေးမှုအစဉ်အလာကို သဘောပေါက်လေးစားတတ်စေရန်။

## ၃။ သင်ခန်းစာစီစဉ်ပုံ

### စာသင်ချိန် (၁) နှင့် (၂)

ဤသင်ခန်းစာ၏ အဓိကအချက်မှာ ကလေးများ မိဘဆရာသမား ရှေ့မှောက်တွင် အောက်ပါအပြုအမူများကို မပြုလုပ်မိစေရန်ဖြစ်သည်။

- လုံချည်ကို တိုတိုဝတ်ခြင်း။
- လူကြီးများရှေ့မှဖြတ်ပြေးသွားခြင်း။
- လူကြီးရှေ့တွင် ကိုယ်ကိုမတ်၍ ဖြတ်လျှောက်ခြင်း။
- ခြေတစ်ချောင်းတည်းအားပြု၍ ရပ်နေခြင်း။
- ခေါင်းကုတ်နေခြင်း။
- မျက်နှာကိုပွတ်နေခြင်း။

ဖော်ပြပါ အချက်များသည် ကျွန်ုပ်တို့နိုင်ငံ၏ ယဉ်ကျေးမှုအစဉ်အလာအပေါ် အခြေခံထားခြင်း ဖြစ်သည်။ ကလေးများ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာများကို နားလည်သဘောပေါက်ပြီး မှန်ကန်စွာ ကျင့်သုံးတတ်ရန် အရေးကြီးပါသည်။ ဆရာက ရုပ်ပုံကားချပ်အချို့ကိုပြ၍ ကျောင်းသားများအား မည်သည့်အပြုအမူသည် မှန်ကန်သော အပြုအမူဖြစ်ပြီး မည်သည့်အပြုအမူသည် မှားသောအပြုအမူ ဖြစ်သည်ကို ပြောပြစေရန်ဖြစ်ပါသည်။

### စာသင်ချိန် (၃) နှင့် (၄)

ဤစာသင်ချိန်တွင် ဆရာက ကလေးများအား ခရီးသွားစဉ် ယဉ်ကျေးခြင်း၊ စာပိုဒ်ကို ဖတ်စေမည်။ ကလေးများသည် ခရီးသွားစဉ် ယဉ်ကျေးခြင်းစာပိုဒ်ကို ဆွေးနွေးပြီး၊ ၎င်းထဲတွင် ပါဝင်သော အရေးကြီးသည့်အပြုအမူများကို ထုတ်ဖော်ကြရန်ဖြစ်ပါသည်။ ကလေးများ နေ့စဉ် ကျင့်သုံးသင့်သည့် ကောင်းသောအပြုအမူနှင့် သဘောထားများကို ရှာဖွေဖော်ထုတ်ပြီးနောက် ၎င်းတို့ကို စာရွက်ပေါ်တွင်ရေး၍

F.4.A

http://www.dhammadownload.com



အတန်းထဲတွင် ကပ်ထားပါက ပို၍ကောင်းပါသည်။ ကလေးများသည် ထိုလိုက်နာကျင့်သုံးသင့်သော အပြုအမူများကို အစဉ်အမြဲလွယ်ကူစွာ မှတ်မိနိုင်မည် ဖြစ်ပါသည်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်းကောက်နုတ်ချက်ကို ဖတ်ပြရန် ဖြစ်ပါသည်။

**သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်း**

လူကြီးရှေ့ ဖြတ်သွားရာ၌ လုံချည်ကိုတိုမ၍သွားခြင်း၊ ပြေးခြင်း၊ ခြေကိုဆောင့်သွားခြင်းမပြုရ။ ပြေးလာသည့်တိုင် ကိုယ်ရှိန်သတ်၍ ကိုယ်ကိုအနည်းငယ်ညွတ်၍ ဖြတ် သွားရမည်။

ကိုယ်ကိုမတ်ရင်ကော့၍ ဖြတ်မလျှောက်ရ။ လူကြီးနှင့်တွေ့ဆုံရန်သွားလျှင် မျက်နှာချင်းဆိုင်ခပ်လှမ်းလှမ်းထိသွားပြီး၊ ခြေစုံရပ် လက်နှစ်ဘက်ဘေးကပ်ကာ ကိုယ်ကို မသိမသာညွတ်၍ ဦးခေါင်းအနည်းငယ် ညွတ်ကာ အရိုအသေပြုရမည်။

ခြေတစ်ချောင်းပေါ်တွင်အားပြု၍ ရပ်နေခြင်း၊ ခေါင်းကုတ်ခြင်း၊ မျက်နှာပွတ်နေခြင်းတို့ မပြုလုပ်ရ။ ငြိမ်သက်စွာရပ်၍နေရမည်။

**ကျောင်းသားများအား ၄င်းကောက်နုတ်ချက်ကို အတူတကွ ဖတ်စေရန် ဖြစ်ပါသည်။**

'လူကြီးများနဲ့ဆရာသမားများရှေ့ရောက်ရင် ဒီလိုအပြုအမူတွေအပြင် တခြားမကောင်းတဲ့ အပြုအမူတွေဟာ ဘာတွေလဲ'ဟု ဆရာက မေးပါ။

ကျောင်းသားများ ဆွေးနွေးပြီး အပြုအမူများကို စာရွက်ပေါ်တွင် အုပ်စုလိုက်ရေးချကြရန် ဖြစ်ပါသည်။

အုပ်စုတိုင်းအား သူတို့၏ ယူဆချက်များကို တင်ပြခွင့်ပေးရပါမည်။

ဆရာက သူတို့၏အယူအဆများကို သင်ပုန်းပေါ်တွင် ချရေးပြီး ကလေးများအောက်ပါအချက်များကို အတူတကွ ဖတ်ကြရပါမည်။

ဥပမာ – လူကြီးရှေ့မှောက်ရောက်လျှင် ရှောင်ကြဉ်ရမည့် အပြုအမူများ–

– အစာစားပြီး စကားမပြောရပါ။

http://www.dhammadownload.com



– ရိုင်းစိုင်းသော စကားများကို မပြောရပါ။

– မိမိလိုချင်သည့်အရာကို အတင်းအကြပ်မပူဆာရပါ။

*

လုပ်ငန်း (၂) သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကိုပြောပြပါ။

ဖြေ သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ အစဉ်အလာလိုက်နာခဲ့သော ယဉ်ကျေးမှုကို သိစေခြင်း၊ နေ့စဉ် တွေ့ကြုံလိုက်နာရမည့် စည်းကမ်းတို့ကို သိစေခြင်း၊ အစဉ်အမြဲ လိုက်နာအပ်သည်ကို သိစေခြင်းတို့ ဖြစ်ပါသည်။

လုပ်ငန်း (၃) သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်း၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ သွားလာတွေ့ဆုံရာ၌ ယဉ်ကျေးခြင်း၏ သင်ယူမှု ရည်ရွယ်ချက်များမှာ–

(က) လူကြီးမိဘ ဆရာသမားတို့၏ ရှေ့မှောက်တွင် ယဉ်ကျေးစွာ သွားလာတတ်စေရန်။

(ခ) လူတိုင်းလိုက်နာအပ်သည့် ယဉ်ကျေးမှု အစဉ်အလာကို သဘောပေါက်လေးစားစေရန်တို့ဖြစ်ပါသည်။

လုပ်ငန်း (၄) သင့်ကို လူကြီးတစ်ဦးဦးက ခေါ်လျှင် မည်သို့ဆက်ဆံရမည်ကို ရှင်းပြပါ။

ဖြေ ကျွန်ုပ်ကို လူကြီးတစ်ဦးဦးကခေါ်လျှင် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းအထိ သွားပြီး ခြေစုံရပ် လက်နှစ်ဖက်ဘေးကပ်ကာ ကိုယ်ကိုမသိမသာကိုင်းညွှတ်၍ ဦးခေါင်းအနည်းငယ်ညွှတ်ကာ အရိုအသေပြုရပါမည်။

လုပ်ငန်း (၅) သင်၏ရပ်ကွက်တွင်းရှိ ရိုင်းပျသော ကလေးတစ်ယောက်အကြောင်း ပြောပြပါ။

ဖြေ ကျွန်ုပ်ရပ်ကွက်တွင်းရှိ ရိုင်းပျသော ကလေးတစ်ယောက်မှာ မောင်မျိုးကျော်ဖြစ်ပါသည်။ သူသည် လူကြီးများရှေ့တွင် ဖြတ်သွားရာ၌ လုံချည်ကို တိုတိုမ၍သွားပါသည်။ ပြေးခြင်း၊ ခြေကိုဆောင့်၍ သွားခြင်းများ ပြုပါသည်။ ရင်ကိုကော့၍ ဖြတ်လျှောက်ပါသည်။ လူကြီးများနှင့်တွေ့ဆုံရာတွင် ခေါင်းကိုကုတ်၍ နေတတ်ပါသည်။

http://www.dhammadownload.com



လုပ်ငန်း (၆) ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံသည့် သင့်သူငယ်ချင်း တစ်ယောက်အကြောင်း ရေးပြပါ။

ဖြေ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံသည့် ကျွန်ုပ်သူငယ်ချင်းမှာ မောင်ယဉ်အောင်ဖြစ်ပါသည်။ သူသည် လူကြီးမိဘများရှေ့တွင် ဖြတ်ရာ၌ ကိုယ်ရှိန်သတ်၍ ကိုယ်ကိုအနည်းငယ်ကိုင်းညွတ်၍ သွားပါသည်။ လူကြီးများနှင့် တွေ့ဆုံရန်သွားလျှင် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းအထိသွားပြီး ခြေစုံရပ်ကာ လက်နှစ်ဖက်ဘေးကပ်ကာ ကိုယ်ကို မသိသောကိုင်းညွတ်၍ ဦးခေါင်းအနည်းငယ်ညွတ်ကာ အရိုအသေပြုပါသည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) လူကြီးမိဘများရှေ့တွင် ဖြတ်သွားလျှင် မည်သည့်အပြုအမူမျိုး ရှိရမည်နည်း။

ဖြေ လူကြီးမိဘများရှေ့တွင် ဖြတ်သွားလျှင် လုံချည်ကို တိုတိုမြှောက်၍မသွားရ။ ပြေးခြင်း၊ ခြေကိုဆောင့်၍သွားခြင်းမပြုရ။ ပြေးလာသည့်တိုင်အောင် ကိုယ်ရှိန်သတ်၍ ကိုယ်ကိုအနည်းငယ်ညွတ်၍ ဖြတ်သွားရမည်။ ကိုယ်ကိုမတ် ရင်ကော့၍ ဖြတ်မလျှောက်ရပါ။

မေး (၂) ဆရာမိဘတို့နှင့် တွေ့ဆုံလျှင် မည်ကဲ့သို့ နေထိုင်ရမည်နည်း။

ဖြေ ဆရာမိဘတို့နှင့်တွေ့ဆုံလျှင် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းအထိ သွားပြီး၊ ခြေစုံရပ် လက်နှစ်ဖက်ဘေးကပ်ကာ ကိုယ်ကိုမသိမသာ ကိုင်းညွတ်၍ ဦးခေါင်းအနည်းငယ်ညွတ်ကာ အရိုအသေပြုရပါမည်။ ငြိမ်သက်စွာ ရပ်နေရပါမည်။

မေး (၃) လူကြီးမိဘတို့ရှေ့၌ ရပ်နေစဉ် မည်ကဲ့သို့သော အပြုအမူများကို ရှောင်ကြဉ်ရမည်နည်း။

ဖြေ လူကြီးမိဘတို့ရှေ့၌ ရပ်နေစဉ် ခြေတစ်ချောင်းပေါ်အားပြု၍ ရပ်နေခြင်း၊ ခေါင်းကုတ်ခြင်း၊ မျက်နှာကို လက်နှင့်ပွတ်၍နေခြင်း စသည်တို့ကို ရှောင်ကြဉ်ရပါမည်။

*

## နောက်ဆက်တွဲလုပ်ငန်း

ပြုလုပ်သင့်သည့်အပြုအမူနှင့် စိတ်ထားများ၊ ရှောင်ကြဉ်သင့်သည့်အပြုအမူနှင့် စိတ်ထားများကိုစာရွက်ကြီးပေါ်တွင်ရေးပြီး အတန်းထဲတွင် ကပ်ထားမည်။ ကျောင်းသားများ ကောင်းသောအပြုအမူနှင့် စိတ်နေစိတ်ထားများကို မှတ်မိပြီး နေ့စဉ်ဘဝတွင် လွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

http://www.dhammadownload.com



**စစ်ဆေးအကဲဖြတ်ခြင်း**

– **ဤသင်ခန်းစာမှာ အဓိကသိထားသင့်သည့်အချက်များ။**

– လူကြီးများနှင့် ဆရာများရှေ့မှောက်တွင် ပြုမူရမည့် မှန်ကန်သောအပြုအမူများ။

– တန်ဖိုးထားလိုက်နာရမည့် ယဉ်ကျေးမှုအစဉ်အလာများ။

**ကလေးများ၏ လုပ်ဆောင်ချက်ကို အကဲဖြတ်ပုံ။**

– **မေးခွန်းပေး၍ စီကုံးရေးသားစေခြင်း။**

ဆရာက သူတို့အရွယ်နှင့်နားလည်ကိုက်ညီမည့် မေးခွန်းများကို ပေးသင့်ပါသည်။ ၎င်းမေးခွန်းသည် ဤသင်ခန်းစာတွင် ပါဝင်သည့်အသိပညာများကို အခြေခံထားရမည်။

* * *

# သင်ခန်းစာ (၁၂)

## ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများ (၂)

၁။ **ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးအနေဖြင့် ကျင့်သုံးသင့်သော လိမ္မာယဉ်ကျေးစွာ ပြုမူဆက်ဆံခြင်း၊ ငါးပါးသီလကိုစောင့်ထိန်းခြင်း၊ တာဝန်ကျေပွန်ခြင်းစသည့် ကောင်းသောအမူအကျင့်များအတိုင်း ဆက်ဆံနေထိုင်တတ်ရန်။

၂။ **အသေးစိတ်ဦးတည်ချက်**

(၁) ခရီးသွားသည့်အခါ မည်သို့ယဉ်ကျေးရမည်ကို ပြောပြတတ်ရန်။

(၂) ခရီးသွားစဉ် ယဉ်ကျေးရမည့် အလေ့အကျင့်ကောင်းများကို လုပ်ဆောင်တတ်ရန်။

(၃) မိဘ/ဆရာတို့နှင့် ဆက်ဆံသည့်အခါရှိရမည့် ယဉ်ကျေးသိမ်မွေ့သော အပြုအမူများကို သိရှိလိုက်နာတတ်စေရန်။

(၄) လူတိုင်းသည် ယဉ်ကျေးရမည်ဖြစ်ကြောင်း ပြောပြတတ်စေရန်။

၃။ **သင်ခန်းစာစီစဉ်ပုံ**

**စာသင်ချိန် (၁) ၊ (၂) နှင့် (၃)**

ဤစာသင်ချိန်များတွင် ကလေးများသည် ယဉ်ကျေးခြင်းနှင့် ကောင်းသောအပြုအမူများ ဖြစ်ပေါ်ရန်

http://www.dhammadownload.com



မည်သို့ပြုမူနေထိုင်သင့်ကြောင်း လွတ်လပ်စွာတွေးခေါ်ပါစေ။ ထို့နောက် ဆရာက (၁) လူ၊ (၂)အခြေအနေနှင့် (၃) နေရာနှင့် အချိန်သမယကို ရေးထားသောကတ်ပြားများကို ကြိုတင်စီစဉ်ထားပါ။ ကလေးများအား ကတ်ပြားသုံးခုကိုဆက်စပ်၍ အခြေအနေတစ်ခုဖြစ်အောင် ဆက်ခိုင်းပါ။

ဤလုပ်ငန်းသည် ပျော်ရွှင်ဖွယ်ရာ ကစားနည်းတစ်ခုလည်း ဖြစ်သည်။ ဤကစားနည်းမှတစ်ဆင့် ကလေးများသည် ယဉ်ကျေးမှုအကြောင်းကို သိရှိနားလည်သွားမည်ဖြစ်သည်။

**စာသင်ချိန် (၄) နှင့် (၅)**

ဤစာသင်ချိန်တွင် ဆရာသည် အထွေထွေယဉ်ကျေးခြင်း ကောက်နုတ်ချက်ကို အသုံးပြုပါ။ ယဉ်ကျေးခြင်းဆိုင်ရာသဘောထားနှင့် အပြုအမူကို ဖော်ပြသည့် အရေးကြီးသော စာသားအချို့ကို ဖုံးအုပ်ထားပြီး မည်သည့်စာသားဖြစ်မည်ကို စဉ်းစားခိုင်းပါ။ ဤသင်နည်းသည်လည်း ပြီးခဲ့သော သင်နည်းကဲ့သို့ ကစားနည်းတစ်မျိုးပင်ဖြစ်သည်။ ဤကစားနည်းအားဖြင့် ကလေးသည် ယဉ်ကျေးခြင်းနှင့် ပတ်သက်သော သဘောထားနှင့် အပြုအမူများကို စဉ်းစားလာနိုင်မည်ဖြစ်သည်။

*

## သင်ယူမှုလုပ်ငန်းများ

**လုပ်ငန်း** (၁) ဆရာက ကျောင်းသားများအား အောက်ပါအကြောင်းအရာ တစ်ခုကိုပြောပြပါ။

ဖြေ တစ်ခါတုန်းက ရထားနဲ့ရန်ကုန်က မန္တလေးကို ဆရာခရီးသွားခဲ့တယ်။ ဆရာဟာ ရထား ပြတင်းပေါက်ကနေပြီးအပြင်က ရှုခင်းတွေကို စိတ်ဝင်တစားကြည့်နေချိန်မှာ လက်မောင်းပေါ်ကိုတစ်ခုခုလာပြီး ထိမှန်တာကို သိလိုက်ရတယ်။ မင်းတို့ဘာဖြစ်တယ်လို့ထင်သလဲ။ ဆရာရဲ့လက်မောင်းဟာ စိုစွတ်သွားတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တဲ့အခါမှာ အခြားထိုင်ခုံက လူတစ်ယောက်ဟာ ဖျော်ရည်တွေကို သွန်ပစ် နေတာတွေ့လိုက်ရတယ်။ အဲဒီဖျော်ရည်ဟာ ဆရာရဲ့လက်မောင်းကိုလာပြီး စင်တာဖြစ်တယ်။ ဆရာလည်း တော်တော်စိတ်ဆိုးသွားတယ်။ ယဉ်ကျေးမှုမရှိတဲ့ သူတစ်ယောက်ပဲလို့လည်း စိတ်ထဲမှာ ထင်မှတ်မိလိုက်တယ်။

*

**လုပ်ငန်း** (၂) ဆရာက ပြီးခဲ့သော သင်ခန်းစာကိုပြန်လည်ဆွေးနွေးပါ။

ဆရာက ကလေးများအား စာသားအချို့ ဖုံးအုပ်ထားသော အထွေထွေယဉ်ကျေးခြင်း ကောက်နုတ်ချက်ကိုပြပါ။

http://www.dhammadownload.com



**အထွေထွေယဉ်ကျေးခြင်း**

(၁) ဆရာမိဘလူကြီးများနှင့် စကားပြောလျှင် ထိုသူကို **ကြည့်၍** ရိုသေစွာပြောရာ၏။

(၂) လူကြီးများနှင့် ဆရာများကို နှုတ်ဆက်ရာတွင် **ဦးညွှတ်၍** လည်းကောင်း၊ **မင်္ဂလာပါ** ဟုလည်းကောင်း ပြောဆိုနှုတ်ဆက်ရာ၏။

(၃) **သူတစ်ပါးစကားပြောလျှင်** ကြားဖြတ်၍မပြောရ။

(၄) **မနှစ်သက်ဖွယ်သောစကား၊** အကျိုးမရှိသောစကား ကိုမပြောရ။

(၅) **ရိုင်းပြသောစကား** အသုံးအနှုန်းကို ရှောင်ကြဉ်ရာ၏။

(၆) ပါးစပ်ထဲသို့ **လက်ထည့်၍ကိုက်ခြင်း၊ လက်သည်းကိုက်ခြင်း** တို့မပြုရ။

(၇) မိမိ၏ဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို **မညည်းညူဘဲ ပြီးစီးအောင်ဆောင်** ရွက်ရာ၏။

(၈) **ပြုံးရွှင်သော** မျက်နှာကိုထား၍ ပြောဆိုဆက်ဆံရာ၏။

(၉) သူတစ်ပါး၏ **ပျော်ရွှင်မှု** ကိုမနှောင့်ယှက်ရ၊ **စိတ်စေတနာကောင်းထား၍** ဆက်ဆံရာ၏။

စာလုံးမဲများသည် ဖုံးအုပ်ထားရမည့် စကားလုံးများဖြစ်ပါသည်။

အထက်စာကြောင်းရှိ ကွက်လပ်များတွင် လိုအပ်သော စကားလုံးများကို ကျောင်းသားများအား အုပ်စုလိုက် စဉ်းစားစေပြီး ဖြည့်စွက်ခိုင်းပါ။

အုပ်စုလိုက်ဖြည့်စွက်ထားသည့် အဖြေများကိုပြန်လည် တင်ပြကြမည်။

ကလေးများတင်ပြပြီးနောက် ဆရာက အဖြေမှန်ကို ပြောပြပါ။

ကလေးများအား ကောက်နုတ်ချက်ကို ဖတ်ပါစေ။

လုပ်ငန်း (၃) အထွေထွေ ယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို သင်သိသမျှပြောပြပါ။

ဖြေ အထွေထွေယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ မိဘဆရာတို့နှင့်ပြောဆိုဆက်ဆံရာတွင် ရှိအပ်သည့်ယဉ်ကျေးမှုကို သိစေခြင်း၊ သိမ်မွေ့ရိုင်းပျသောစကားတို့ကို မပြောအပ်ကြောင်းကို သိစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် သတိပြုသင့်သည်တို့ကို သိစေခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



လုပ်ငန်း (၄) အထွေထွေ ယဉ်ကျေးခြင်း၏ သင်ယူမှုရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ အထွေထွေ ယဉ်ကျေးခြင်း၏ သင်ယူမှုရည်ရွယ်ချက်များမှာ –

(က) ပေါင်းသင်းဆက်ဆံရေး နယ်ပယ်၏ယဉ်ကျေးမှုကို သိစေရန်။

(ခ) ယဉ်ကျေးစွာ ပြောဆိုဆက်ဆံခြင်းသည် လူကိုင်းလိုက်မှာအဝသည်ကို သိစေရန် တို့ဖြစ်ပါသည်။

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) မိဘဆရာတို့နှင့် စကားပြောဆိုလျှင် မည်သို့ပြောဆိုရမည်နည်း။

ဖြေ မိဘဆရာတို့နှင့် စကားပြောဆိုလျှင် –

(က) ထိုသူများကို ကြည့်၍ရိုသေစွာ ပြောရာ၏။

(ခ) လူကြီးမိဘများနှင့် ဆရာများကို နှုတ်ဆက်ရာတွင် ဦးညွှတ်၍လည်းကောင်း၊ မင်္ဂလာပါဟုလည်းကောင်း ပြောဆိုနှုတ်ဆက်ရာ၏။

မေး (၂) မည်သို့သော အပြုအမူမျိုးကို ရှောင်ကြဉ်သင့်သနည်း။

ဖြေ ရှောင်ကြဉ်သင့်သော အပြုအမူများမှာ –

(က) သူတစ်ပါး စကားပြောလျှင် ကြားဖြတ်မပြောရ။

(ခ) မနှစ်သက်ဖွယ်သောစကား၊ အကျိုးမရှိသော စကားကို မပြောရ။

(ဂ) ရိုင်းပျသောစကား အသုံးအနှုန်းကို ရှောင်ကြဉ်ရာ၏။

(ဃ) ပါးစပ်ထဲသို့ လက်ထည့်၍ကိုက်ခြင်း၊ လက်သည်းကို ကိုက်ခြင်းမပြုရ။

မေး (၃) အထွေထွေ ယဉ်ကျေးခြင်းမှ အချက်(၄)ချက်ကို ဖော်ပြပါ။

ဖြေ အထွေထွေ ယဉ်ကျေးခြင်းမှ အချက်(၄)ချက်မှာ –

(က) လူကြီးမိဘတို့နှင့် စကားပြောလျှင် ထိုသူများကို ကြည့်၍ရိုသေစွာ ပြောရာ၏။

(ခ) လူကြီးမိဘများနှင့် ဆရာများကို နှုတ်ဆက်ရာတွင် ဦးညွှတ်၍လည်းကောင်း၊ မင်္ဂလာပါဟုလည်းကောင်း ပြောဆိုနှုတ်ဆက်ရာ၏။

F.5.B

http://www.dhammadownload.com



(ဂ) မိမိ၏ဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို မညည်းညူဘဲ ပြီးစီးအောင်ဆောင်ရွက်ရာ၏။

(ဃ) ပြုံးရွှင်သော မျက်နှာကိုထား၍ ပြောဆိုဆက်ဆံရာ၏။

* * *

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ခရီးသွားစဉ် ယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ ခရီးသွားစဉ် ယဉ်ကျေးခြင်းကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ခရီးသွားစဉ်တွင် လိုအပ်သော ယဉ်ကျေးဖွယ်ရာ အချက်အလက်တို့ကို သိစေခြင်း၊ နိုင်ငံကြီးသားတစ်ယောက်အနေနှင့် လိုက်နာအပ်ကြောင်း သိစေခြင်းတို့ဖြစ်ပါသည်။

လုပ်ငန်း (၂) ခရီးသွားစဉ် ယဉ်ကျေးခြင်း၏ သင်ယူမှုရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ခရီးသွားစဉ် ယဉ်ကျေးခြင်း၏ သင်ယူမှုရည်ရွယ်ချက်များမှာ –

(က) ခရီးသွားစဉ် ယဉ်ကျေးမှုကို လက်တွေ့လိုက်နာကျင့်သုံးတတ်စေရန်။

(ခ) ခရီးသွားစဉ် ယဉ်ကျေးရမည့် ကိုယ်နှုတ်အမူအရာများကို ပြောပြတတ်စေရန် တို့ဖြစ်ပါသည်။

လုပ်ငန်း (၃) အောက်ဖော်ပြပါ ခရီးသွားစဉ် ယဉ်ကျေးခြင်း အချက်အလက်များကို ဆရာက တစ်ခေါက်ဖတ်ပြပြီး ကျောင်းသားကျောင်းသူများ လိုက်၍ဖတ်ပါ။

ဖြေ

### ခရီးသွားစဉ် ယဉ်ကျေးခြင်း

(၁) ရထားနှင့်ဖြစ်စေ၊ သင်္ဘောနှင့်ဖြစ်စေ၊ အခြားသော ယာဉ်တို့ဖြင့်ဖြစ်စေ ခရီးသွားသောအခါ အတင်းတိုး၍မဝင်ရ။ အားနည်းသူများကို ပထမဦးစွာ အခွင့်အရေးပေးရာ၏။ (ခရီးသွားစဉ် သူတစ်ပါးအား အထူးသဖြင့် အားနည်းသူများအား တတ်နိုင်သမျှ ကူညီရာ၏။ အကယ်၍ တစ်စုံတစ်ရာ မကူညီနိုင်စေကာမူ မိမိအတွက်ကြောင့် အနှောင့်အယှက်မဖြစ်စေသင့်။ တံခါးကိုဖွင့်ပေးခြင်း၊ ပစ္စည်းတစ်ခုခုယူပေးခြင်း၊ အတက်အဆင်း လွယ်ကူစွာရှိစေရန် ကူညီခြင်း၊ လေးသော ဝန်ကိုပင့်ပေးခြင်း၊ ချပေးခြင်း၊ ချမ်းသာစွာ သွားလာနေထိုင်နိုင်ရန် ကြိုးစား၍ ကူညီရာ၏။)

http://www.dhammadownload.com



(၂) မိမိအတွက် သင့်လျော်သည်ထက်ပို၍ နေရာမယူသင့်။

(၃) ထိခိုက်မိ၍သော်လည်းကောင်း၊ တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း တောင်းပန်ရန်ရှိခဲ့လျှင် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ တောင်းပန်ရာ၏။

(၄) ကျေးဇူးတင်သင့်လျှင် တင်ကြောင်း၊ အပြစ်မှခွင့်လွှတ်ကြောင်းများကို ယဉ်ကျေးစွာပြောရာ၏။

(၅) လူအများနှင့် ဆက်ဆံရာနေရာများတွင် တံတွေးမထွေးပါနှင့်။ တံတွေးထွေးခြင်းသည် ညစ်ညမ်းစေရုံမျှမက ဥပါဒ်အန္တရာယ်ကိုလည်း ဖြစ်စေ၏။

(၆) ရထားအတွင်း၊ သင်္ဘောအတွင်း၊ ဘတ်စ်ကားအတွင်း စသည့်လူအများနှင့် ဆက်ဆံရာနေရာများတွင် စကားကျယ်စွာ မပြောရ။ အော်ဟစ်ခြင်း မပြုရ။ မိမိတို့အချင်းချင်းကြားရုံမျှသာ စကားပြောရာ၏။

(၇) ပါးစပ်ထဲတွင် တစ်စုံတစ်ရာရှိစဉ် စကားမပြောရ။ သူတစ်ပါး မခံသာသော အနံ့ရှိသည့်ပစ္စည်းများကိုပင် အသုံးမပြုရ။

(၈) စက္ကူစုတ်၊ မုန့်ထုတ်စက္ကူ၊ သစ်သီးခွံ၊ စားကြွင်းစသည့်တို့ကို မတင်မရှိအောင်သတိပြုရာ၏။

(၉) ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို လူရှေ့တွင် မပြုလုပ်ရ။ အခြားနေရာသို့ ထသွားခြင်းငှာမတတ်နိုင်ပါလျှင် လက်ကိုင်ပုဝါဖြင့် အုပ်၍ပြုလုပ်ရာ၏။ အချို့သူတို့သည် လူရှေ့တွင် သမ်းခြင်းကိုပင် ရှောင်ကြဉ်၏။

(၁၀) ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ရုပ်ရှင်ရုံ၊ ဇာတ်ရုံစသည်တို့၌ လက်မှတ်ခံခြင်း၊ ဝင်ခြင်း၊ ထွက်ခြင်းတို့ကို တိုးဝှေ့ခြင်းမရှိဘဲ တစ်ယောက်နောက် တစ်ယောက်စီကာ မိမိအလှည့်ကို စောင့်ဆိုင်းရာ၏။ ဤသို့သော နေရာမျိုးတွင် မိမိအတွက် အလှည့်ရရန် ရောက်ရန် တိုးဝှေ့၍တက်ခြင်း၊ ရောက်နှင့်ပြီးသူတို့ကို ကျော်တက်ခြင်း၊ **နေရာ** ကောင်းလုခြင်း၊ နေရာရွေးခြင်း၊ မိမိတို့သာလျှင် ဦးစွာဆောင်ရွက်ခြင်း**စသော အပြု** အမူတို့သည် ယဉ်ကျေးသော နိုင်ငံကြီးသားတို့၏ အပြုအမူမဟုတ်ကြောင်းကို အထူး သတိပြုရာ၏။

http://www.dhammadownload.com



(၁၁) လူစည်ကားရာ အရပ်တွင် မိန်းကလေးများရှိရာသို့ အကင်းတိုးဝင်ခြင်း၊ နောက်ပြောင် ပြောဆိုခြင်းသည် လွန်စွာရိုင်းပျသော အမူအရာဖြစ်၍ ရှက်ဖွယ်ကောင်းလှ၏။

(ဦးအုန်းမောင်)

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) ခရီးသွားစဉ် သက်ကြီးရွယ်အိုများနှင့် အားနည်းသူများအား မည်ကဲ့သို့ ကူညီရမည်နည်း။

ဖြေ ခရီးသွားစဉ် သက်ကြီးရွယ်အိုများနှင့် အားနည်းသူများအား တတ်နိုင်သမျှ ကူညီရာ၏။ တံခါးဖွင့်ပေးခြင်း၊ ပစ္စည်းတင်ခုရ ယူပေးခြင်း၊ အတက်အဆင်း လွယ်ကူစွာရှိစေရန် ကူညီခြင်း၊ လေးသောဝန်ကို ပင့်ပေးခြင်း၊ ချပေးခြင်း၊ ချမ်းသာစွာ သွားလာနေထိုင်ရန် ကြိုးစား၍ကူညီရာ၏။

မေး (၂) လူအများနှင့်ဆက်ဆံရာတွင် ကျန်းမာရေးအရ လိုက်နာရမည့် အပြုအမူကို ရှင်းလင်းဖော်ပြပါ။

ဖြေ လူအများနှင့်ဆက်ဆံရာတွင် ကျန်းမာရေးအရ လိုက်နာရမည့် အပြုအမူများမှာ–

(က) လူအများနှင့်ဆက်ဆံရာ နေရာများတွင် တံတွေးမထွေးပါနှင့်၊ တံတွေးထွေးခြင်းသည် ညစ်ညမ်းစေရုံမျှမက ဥပါဒ်အန္တရာယ်ကိုလည်း ဖြစ်စေ၏။

(ခ) ချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို လူရှေ့တွင်မပြုလုပ်ရ၊ အခြားနေရာထသွားခြင်းငှာ မတတ်နိုင်ပါလျှင် လက်ကိုင်ပုဝါဖြင့်အုပ်၍ ပြုလုပ်ရာ၏။

မေး (၃) ရိုင်းပြ၍ရှက်ဖွယ်ကောင်းသော အမူအရာတို့သည် မည်သည့်အချက်များ ဖြစ်သနည်း။

ဖြေ ရိုင်းပြ၍ရှက်ဖွယ်ကောင်းသော အမူအရာတို့မှာ –

(က) ဘုတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ရုပ်ရှင်ရုံ၊ ဓာတ်ရုံစသည်တို့၌ လက်မှတ်ခံခြင်း၊ ဝင်ခြင်း၊ ထွက်ခြင်းတို့တွင် ဟိုးဇော့ခြင်းမရှိဘဲ တစ်ယောက်နောက် တစ်ယောက်စီကာ မိမိအလှည့်ကို စောင့်ဆိုင်းရာ၏။ ဤသို့သော နေရာမျိုးတွင် မိမိအတွက် အလျင်ရရန် ရောက်ရန် တိုးဇော့၍တက်ခြင်း၊ ရောက်နှင့်ပြီးသူတို့ကို ကျော်တက်ခြင်း၊ နေရာကောင်းလုခြင်း၊ နေရာရွေးခြင်း မိမိတို့သာလျှင် ဦးစွာသောင်ရှက်စေလိုခြင်းစသော

http://www.dhammadownload.com



အပြုအမူတို့သည် ယဉ်ကျေးသောနိုင်ငံကြီးသားတို့၏ အပြုအမူ မဟုတ်ကြောင်းကို အထူးသတိပြုရာ၏။ လူစီကားရာအရပ်တွင် မိန်းကလေးများရှိရာသို့ အတင်းတိုးဝင်ခြင်း၊ နောက်ပြောင်ပြောဆို ခြင်းသည် လွန်စွာရိုင်းပြသော အမူအရာဖြစ်၍ ရှက်ဖွယ်ကောင်းလှ၏။

(ခ) လူစည်ကားရာအရပ်တွင် မိန်းကလေးများရှိရာသို့ အတင်းတိုးဝင်ခြင်း၊ နောက်ပြောင်ပြောဆိုခြင်းသည် လွန်စွာရိုင်းပျသော အမူအရာဖြစ်၍ ရှက်ဖွယ်ကောင်းလှ၏။

မေး (၄) မည်သည့်အခါမျိုးတွင် ယဉ်ကျေးစွာ တောင်းပန်ရမည်နည်း။

ဖြေ ထိခိုက်မိ၍သော်လည်းကောင်း၊ တစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ တောင်းပန်ရန်ရှိခဲ့လျှင် နောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ယဉ်ကျေးစွာ တောင်းပန်ရာ၏။

*

## စစ်ဆေးအကဲဖြတ်ခြင်း

**ဤသင်ခန်းစာပါ အဓိကအချက်များကား အဘယ်နည်း။**

– ခရီးသွားစဉ် ယဉ်ကျေးခြင်းနှင့်

– လူအချင်းချင်း အပြန်အလှန် ဆက်ဆံရာတွင် ယဉ်ကျေးခြင်းတို့ဖြစ်သည်။

**ကလေးများ၏ ဆောင်ရွက်မှုကို မည်သို့စစ်ဆေးမည်နည်း။**

**– မေးခွန်းတိုများမေး၍ ဖြေစေခြင်း။**

ယဉ်ကျေးခြင်းနှင့် ပတ်သက်၍ ကလေးများ၏နားလည်မှုနှင့် ထင်မြင်ချက်ကို အကဲဖြတ်ရန် အတွက် ဆရာက စိကုံးရေးသားရန် မေးခွန်းတိုကို မေးပါ။ နမူနာမေးခွန်းကို အောက်တွင် ဖော်ပြထားသည်။

* *

## နမူနာ မေးခွန်းတို

အိမ်နီးချင်းနှင့် ပတ်ဝန်းကျင်ကိုလေ့လာ၍ ၎င်းတို့၏မယဉ်ကျေးသော အပြုအမူကြောင့် ဖြစ်ရသော အခြေအနေများကို ဖော်ထုတ်ပါ။ ထို့နောက် တွေ့ရှိချက်ကို ရေးသားပါ။ သင်သည် ၎င်းအခြေအနေကို တိုးတက်အောင်ပြုလုပ်ရန် တာဝန်ရှိသူဖြစ်ပါက သင် ဘာလုပ်မည်နည်း။

http://www.dhammadownload.com



(ဥပမာ – ကျွန်ုပ်တို့အိမ်အနီးပတ်ဝန်းကျင်တွင် ပလတ်စတစ်အိတ်များစွာ ရှိသည်။ ပတ်ဝန်းကျင်အတွက် အကျိုးဆက်ကို လုံးဝမစဉ်းစားဘဲ လူအများသည် ပလတ်စတစ်အိတ် များကို စည်းကမ်းမဲ့ လွှင့်ပစ်လေ့ရှိသည်။ မကြာခင်မှာပင် ပလတ်စတစ်အိတ်များသည် စုပုံလာပြီး၊ အိမ်အနီးဝန်းကျင်ကို ညစ်ပတ်စေသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင်အခြေအနေကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် တာဝန်ရှိသူဖြစ်ပါက .... ကဲ့သို့ ပြုလုပ်လိမ့်မည်။)

– **သင်ခန်းစာသင်ကြားနေစဉ် ကလေးများ၏အပြုအမူကို လေ့လာခြင်း။**

ဆရာသည် သင်ခန်းစာသင်ကြားနေစဉ် ကလေးများ၏အပြုအမူကို အကဲဖြတ်နိုင်သည်။ သင်ခန်းစာ(၁၁)တွင် ဖော်ပြထားသော အကဲဖြတ်ပုံစံကို အသုံးပြု၍ အကဲဖြတ်နိုင်သည်။

* * *

# သင်ခန်းစာ (၁၃)
# ငါးပါးသီလစောင့်ထိန်းကြ

၁။ **ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးအနေဖြင့် ကျင့်သုံးသင့်သော လိမ္မာယဉ်ကျေးစွာ ပြုမူဆက်ဆံခြင်း၊ ငါးပါးသီလကိုစောင့်ထိန်းခြင်း၊ တာဝန်ကျေပွန်ခြင်းစသည့် ကောင်းသောအမူအကျင့်များအတိုင်း ဆက်ဆံနေထိုင်တတ်ရန်။

၂။ **အသေးစိတ်ဦးတည်ချက်**

(၁) ငါးပါးသီလ၏အဓိပ္ပာယ်ကို ရှင်းပြတတ်စေရန်။

(၂) ငါးပါးသီလကို စောင့်ထိန်းရန် အရေးကြီးကြောင်း ပြောပြတတ်စေရန်။

(၃) မုန်းတီးရွံရှာဖွယ်ကောင်းသော အပြုအမူများကိုရှောင်ကြဉ်သင့်ကြောင်း ပြောပြတတ်စေရန်။

၃။ **သင်ခန်းစာစီစဉ်ပုံ**

**စာသင်ချိန် (၁)**

ဤသင်ခန်းစာ၏ အဓိကအချက်မှာ ငါးပါးသီလကို သိစေရန်ဖြစ်ပြီး၊ ဆရာက ငါးပါးသီလပါဠိလို ရေးထားသည်ကို ပြောပြပါ။ ကလေးများသည် ၄င်းတို့ဉာဏ်မီသရွေ့ တွေးတောမြင်ယောင်ကြည့်ကြ

http://www.dhammadownload.com



ပါလိမ့်မည်။ ငါးပါးသီလ၏အဓိပ္ပာယ်ကို နက်နက်နဲနဲ နားလည်သွားရန် မလိုအပ်သေးပါ။ စိတ်ကူးကြည့်ကြရုံဖြင့် လုံလောက်ပါသည်။

**စာသင်ချိန် (၂)**

ငါးပါးသီလထဲမှ တစ်ပါးဖြစ်သော 'သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်' ဟူသော အကြောင်းအရာကို ဤအချိန်တွင် အဓိကသင်ကြားရန်ဖြစ်သည်။ 'ကြင်နာသနားတတ်သော လူကလေး' ပုံပြင်ထဲမှ တစ်ဆင့် ဤသီလတစ်ပါးကို ကလေးများ နားလည်သွားကြပါလိမ့်မည်။

**စာသင်ချိန် (၃) နှင့် (၄)**

သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှရှောင်ကြဉ်ရန် ဟူသော သီလကို အဓိကထား၍ ဤအချိန်တွင် သင်ကြားရန်ဖြစ်သည်။ ပထမဦးစွာ ကလေးများအား 'အကယ်၍ တစ်ခုခုကောက်ရလျှင် မင်းတို့ဘာလုပ်မလဲ'' ဟူသော တိကျသည့် ဥပမာမျိုးပေး၍ စဉ်းစားစေရန်ဖြစ်သည်။ ထို့နောက် 'မှန်ကန်သော ဆုံးဖြတ်ချက်' ဟူသောပုံပြင်မှတစ်ဆင့် ကလေးများသည် ၎င်းသီလကို ပိုမိုနားလည်သဘောပေါက်သွားကြပါလိမ့်မည်။ ကလေးများအား လူအများ၏ ခံစားချက်ကိုပါ ထည့်သွင်းစဉ်းစားတွေးတောစေသင့်သည်။

**စာသင်ချိန် (၅)**

ဤအချိန်တွင် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ရန်ဟူသော သီလအကြောင်းကို ဆွေးနွေးကြရန်ဖြစ်သည်။ လိမ်ညာပြောဆိုခြင်းနှင့် ပတ်သက်သော ၎င်းတို့၏အတွေ့အကြုံများမှတစ်ဆင့် ကလေးများသည် လိမ်ညာပြောဆိုခံရသူ၏ ခံစားချက်၊ လိမ်ညာပြောဆိုပြီးနောက် ၎င်းတို့၏ခံစားချက်များကို စဉ်းစားလာစေရန်ဖြစ်သည်။

**စာသင်ချိန် (၆) နှင့် (၇)**

ယဉ်ကျေးသော အပြုအမူနှင့်ပတ်သက်၍ ဤအချိန်များတွင် အဓိကထား သင်ကြားရန်ဖြစ်သည်။ ကလေးများအား တိကျသော ဥပမာများပေး၍ ယဉ်ကျေးမှုရှိစေရန် မည်ကဲ့သို့ပြုမူဆက်ဆံသင့်ကြောင်းကို စဉ်းစားတွေးတောစေရန်ဖြစ်သည်။ ထို့ပြင်ဆရာက ''မုန်းစရာကောင်းတဲ့သူ'' ကဗျာကို ရွတ်ဆိုပြပြီး၊ ကလေးများအား ၎င်းကဗျာပါအကြောင်းအရာများကို ဆွေးနွေးစေခြင်းဖြင့်လည်း ပိုမိုနားလည် သဘောပေါက်သွားစေနိုင်မည် ဖြစ်သည်။

*

http://www.dhammadownload.com



## သင်ပြမှုပုံစံ

စာသင်ချိန် (၁) မှ (၅) အထိ

၁။ **အထွေထွေစိတ်ဦးတည်ချက်**

(၁) ငါးပါးသီလ၏ အဓိပ္ပာယ်ကို ရှင်းပြတတ်စေရန်။

(၂) ငါးပါးသီလကို စောင့်ထိန်းရန် အရေးကြီးကြောင်း ပြောပြတတ်စေရန်။

၂။ **သင်ကြားမှုသင်ယူမှု အထောက်အကူပစ္စည်း**

ပါဠိဖြင့်ရေးသားသော ငါးပါးသီလ၊ 'ကြင်နာသနားတတ်သော လူကလေး' ပုံပြင်၊ 'မှန်ကန်သော ဆုံးဖြတ်ချက်' ပုံပြင်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက ကျောင်းသားများအား နေ့တိုင်းဘုရားရှိခိုးခြင်းရှိ/ မရှိနှင့် ငါးပါးသီလ အကြောင်းကြားဖူးခြင်း ရှိ/မရှိကို မေးမြန်းပါ။

ဆရာက ပါဠိလိုငါးပါးသီလကို မြန်မာအဓိပ္ပာယ်နှင့် ပြန်လည်၍ ရှင်းပြပါ။

**ငါးပါးသီလ (ပါဠိ)**

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(သူ့ဥစ္စာလဲ မခိုးဘဲ ရှောင်ကြဉ်ပါ၏။)

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(ကာမဂုဏ်လဲ မမှားဘဲ ရှောင်ကြဉ်ပါ၏။)

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(လိမ်ညာ၍ ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။)

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာန ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

http://www.dhammadownload.com



(မူးယစ်စေသော အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။)

ကျောင်းသားများက ငါးပါးသီလကို အတူတကွ ရွတ်ဆိုကြရန် ဖြစ်ပါသည်။

လုပ်ငန်း (၂) ကျောင်းသားများအား ငါးပါးသီလကို ပြန်လည်ရွတ်ဆိုပြောပြပါစေ။

ဆရာက ကျောင်းသားများအား ကြင်နာသနားတတ်သော လူကလေးပုံပြင်ကို ပြောပြ ရန်ဖြစ်သည်။

## ကြင်နာသနားတတ်သော လူကလေး

တစ်ခါတုန်းက ရွာတစ်ရွာမှာ ညီအစ်ကိုသုံးယောက် နေထိုင်ကြတယ်။ သူတို့ရဲ့ အမည်တွေကတော့ အစ်ကိုကြီး၊ အစ်ကိုလတ်၊ ညီငယ်လေးတို့ ဖြစ်ကြတယ်။ အစ်ကိုကြီးကတော့ ရက်စက်ကြမ်းကြုတ်တယ်။ အစ်ကိုလတ်က ပေါ့ပေါ့ဆဆနေတတ်ပေမယ့် ကြင်နာသနားတတ်တဲ့ စိတ်တော့ရှိတယ်။ ညီငယ်လေးကတော့ စိတ်ထားအလွန် နူးညံ့ပျော့ပျောင်းပြီး တိရစ္ဆာန်လေးတွေကို ကြင်နာသနားတတ်တယ်။ ဘယ်အလုပ် လုပ်လုပ်အမြဲတမ်း သေချာသပ်ရပ်ကြီးသတိနဲ့ လုပ်လေ့ရှိတယ်။

အစ်ကိုကြီးက တောထဲအမြဲသွားပြီး တိရစ္ဆာန်တွေကို သတ်ဖြတ်လေ့ရှိတယ်။ တစ်ခါတစ်ရံ ယုန်ကလေးတွေကို သတ်ပြီးအိမ်ကိုသယ်လာတတ်တယ်။ အစ်ကိုလတ်ကတော့ အမြဲတမ်း သတိမမူဘဲ ပေါ့ပေါ့ဆဆ နေတတ်တဲ့အတွက် လမ်းပေါ်မှာရှိတဲ့ ပက်ကျိလေးတွေ၊ ခရုလေးတွေ၊ ဘီကောင်လေးတွေကိုတက်နင်းမိတာကြောင့် သေသွားကြတယ်။

ညီငယ်လေးကတော့ သူ့ကြောင့် တိရစ္ဆာန်လေးတွေ သေမှာစိုးရိမ်တဲ့အတွက် အမြဲပဲဂရုစိုက်နေထိုင်လေ့ရှိတယ်။ အဲဒါကြောင့် သူ့ကိုတစ်ရွာလုံးက သနားကြင်နာတတ်တဲ့ လူကလေးလို့ ခေါ်ကြတယ်ကွဲ့။

**– ကျောင်းသားများ အောက်ပါအချက်ကို ဆွေးနွေးပါ။**

မေး (၁) ညီအစ်ကိုသုံးယောက်မှာ ဘယ်လိုအကျင့်စရိုက်တွေ ရှိသလဲ။

မေး (၂) ဘယ်သူတွေဟာ အပြစ်ရှိပြီး၊ ဘယ်သူတွေဟာ အပြစ်မရှိသလဲ။

ဆရာက 'ကြင်နာတတ်သောလူကလေး' ပုံပြင်၏အဓိက အကြောင်းအရာများကို ပိုမိုသိရှိစေရန်ဖြည့်စွက် ရှင်းလင်းပြပါ။

*

http://www.dhammadownload.com



လုပ်ငန်း (၃) ဆရာက ငါးပါးသီလအကြောင်း ပြန်ပြောပါ။

ဆရာက ကျောင်းသားများအား အောက်ပါမေးခွန်း (၂)ခုကိုမေးပါ။

မေး (၁) တစ်နေ့မှာ မင်းဟာ ပိုက်ဆံ ၅၀၀ိ– ကျပ်ကောက်ရခဲ့ရင် မင်းဘာလုပ်မလဲ။

မေး (၂) တစ်နေ့မှာ လမ်းပေါ်မှာ ရွှေဘယက်တစ်ကုံး တွေ့ခဲ့ရင် မင်းဘာလုပ်မလဲ။

ကျောင်းသားအသီးသီးအား ၄င်းမေးခွန်းများအပေါ်တွင် ၄င်းတို့၏ အယူအဆအတွေး အတိုင်း ဖော်ပြပါစေ။

ကျောင်းသားများအား အောက်ဖော်ပြပါ ဖြစ်ရပ်များတွင် ကိုယ်တိုင်ခံစားချက်နှင့် ပစ္စည်းပိုင်ရှင်ဆိုလျှင် မည်သို့ခံစားရမည်ဖြစ်ကြောင်း ဆွေးနွေးကြရန် ဖြစ်ပါသည်။

(၁) ပိုက်ဆံနှင့် ရွှေဘယက်ကိုယူခဲ့လျှင်

(၂) ထိုပစ္စည်းများကို ဆရာတစ်ဦးထံ (သို့) ရပ်ရွာလူကြီးတစ်ဦးထံ ယူသွားခဲ့လျှင်–

အုပ်စုအချို့က အထက်ဖော်ပြပါ အချက်များအပေါ်တွင် သူတို့၏အတွေးအခေါ် အယူအဆများကို တင်ပြရန် ဖြစ်သည်။

ဆရာက တင်ပြချက်များအပေါ် သုံးသပ်ပေးပြီး နိဂုံးချုပ်ပေးပါ။

လုပ်ငန်း (၄) ဆရာက ကျောင်းသားများအား သူတစ်ပါးပစ္စည်းကိုတွေ့ပြီး ကောက်ရခဲ့ဖူးသလားဟု မေးပါ။

ကျောင်းသားများ ၄င်းတို့၏ အတွေ့အကြုံများကို တင်ပြပါစေ။

ဆရာက 'မှန်ကန်သော ဆုံးဖြတ်ချက်' ပုံပြင်ကို ပြောပြပါ။

## မှန်ကန်သော ဆုံးဖြတ်ချက်

တစ်ခါတုန်းက ရွာငယ်လေးတစ်ရွာမှာ သဲသဲနှင့် ဝင်းဝင်းဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိတယ်။ သူတို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတယ်။ ဒါပေမယ့် သဲသဲလေးဟာ အမြဲတမ်း အခြား လူတွေအပေါ်မှာ သနားတတ်တယ်။ ဝင်းဝင်းကတော့ သနားကြင်နာစိတ်မရှိဘူး။

တစ်နေ့မှာ သူတို့ဟာ ကျောင်းမှာဆုံမိကြတယ်။ ဝင်းဝင်းက သဲသဲကို မနေ့က သူ့ပိုက်ဆံ အိတ်တစ်အိတ် အိမ်အပြန်လမ်းမှာ တွေ့ပြီးကောက်ရခဲ့ကြောင်းကို ဝမ်းသာအားရပြောတယ်။ သဲသဲက နားထောင်ပြီးတဲ့အခါ ဝင်းဝင်းကို အခုလောက်ဆိုရင် ပိုက်ဆံအိတ်ပိုင်ရှင်ကတော့ စိတ်ညစ်နေမှာပဲ။ ပိုင်ရှင်

F.6.A

http://www.dhammadownload.com



ကိုပြန်ပေးလိုက်ရအောင်လို့ ပြောလိုက်တယ်။ ဝင်းဝင်းက "ငါ့သူများပစ္စည်း ခိုးတာမဟုတ်ဘူး။ ငါနဲ့ထိုက်လို့ငါရတာ"လို့ ပြောလိုက်တယ်။ ဝင်းဝင်းဟာ ပိုက်ဆံအိတ်ကောက်ရတဲ့အတွက် အရမ်းဝမ်းသာနေတယ်။

တစ်လလောက်ကြာပြီးနောက် သဲသဲဟာ ဝင်းဝင်းရဲ့အိမ်ကို အလည်သွားတယ်။ ဝင်းဝင်းအိမ်လည်းရောက်ရော ဝင်းဝင်း ငိုနေတာကိုတွေ့လိုက်ရတယ်။ သဲသဲက သူငယ်ချင်းကို နှစ်သိမ့်ပေးပြီး ဘာကြောင့် ငိုရကြောင်းကို မေးကြည့်တယ်။ ဝင်းဝင်းက ဒီနေ့ကျောင်းမှာ သူ့ရဲ့ သံလိုက်အိမ်မြှောင် ပျောက်သွားတဲ့အတွက် ငိုကြွေးရကြောင်း ပြောပြတယ်။ သဲသဲက 'မနက်ဖြန်ကျရင် ဆရာမကို သွားအကြောင်းကြားပြီး ပြန်ရှာကြမယ်။ ပြန်ပြီးရှာတွေ့မှာပါ"လို့ ကျေနပ်အောင်ပြောပြီး အိမ်ပြန်သွားတယ်။

နောက်တစ်နေ့ အတန်းထဲမှာ သူတို့သူငယ်ချင်းတွေကို ဝင်းဝင်းရဲ့ သံလိုက်အိမ်မြှောင် ပျောက်သွားကြောင်း ပြောပြကြတယ်။ အဲဒီနောက် သူတို့သူငယ်ချင်းတွေထဲက တစ်ယောက်က သံလိုက်အိမ်မြှောင်ကို သူ့မပစ္စည်းမှတ်ပြီး ယူသွားကြောင်း ပြောပြတယ်။ ဝင်းဝင်းက အဲဒီလိုကြားလိုက်ရတဲ့အခါ အရမ်းဝမ်းသာသွားတယ်။ အဲဒီအခါမှာ သဲသဲက ဝင်းဝင်းကို ပိုက်ဆံအိတ်ပျောက်သွားတဲ့ ပိုင်ရှင်ဟာလည်း အရမ်းဝမ်းနည်းနေလိမ့်မယ်ဆိုတာကို ပြောပြတယ်။ အဲဒီတော့မှ ဝင်းဝင်းဟာ ပိုက်ဆံအိတ်ပိုင်ရှင်ကို ရှာပြီးပြန်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။

ကျောင်းသားများအားလုံး အောက်ပါအချက်ကို ဆွေးနွေးရန်ဖြစ်သည်။

မေး (၁) မိမိပိုင်ဆိုင်သော ပစ္စည်းတစ်ခု ပျောက်ဆုံးသွားတဲ့လူ ဘယ်လိုခံစားရမလဲ။

မေး (၂) သင့်ရဲ့ပစ္စည်း ပျောက်ဆုံးသွားရင် ဘယ်လိုခံစားရမလဲ။

မေး (၃) ပစ္စည်းတစ်ခုခုကို မတော်တဆကောက်ရခဲ့ရင် ဘယ်လိုလုပ်သင့်သလဲ။

အုပ်စုအချို့မှ ၎င်းတို့၏ယူဆချက်များကို တင်ပြပါစေ။

လုပ်ငန်း (၅) ဆရာက ကျောင်းသားများအား 'မင်းတို့ လူတစ်ယောက်ယောက်ကို လိမ်ပြောခဲ့ဖူးသလား'ဟုမေးပါ။

အကယ်၍ တစ်ယောက်ယောက်ကို လိမ်ပြောခဲ့ဖူးလျှင် သူတို့၏အတွေ့အကြုံများကိုပြောပြပါစေ။ အကယ်၍ မည်သူကမျှ အတွေ့အကြုံကို မပြောလျှင် ဆရာက မိမိ၏ အတွေ့အကြုံကို ပြောပြရန် ဖြစ်ပါသည်။

ဥပမာ – ဆရာက နောက်တစ်နေ့အပြီးလုပ်ရမယ့် လေ့ကျင့်ခန်းတစ်ခုကို ပေးခဲ့

http://www.dhammadownload.com



တယ်။ ဒါပေမယ့် လေ့ကျင့်ခန်းလုပ်ဖို့ မေ့နေခဲ့ပြီး၊ နောက်တစ်နေ့ နံနက်အရောက်မှာ ဆရာကို အမေနေမကောင်းလို့ ပြုစုနေရတဲ့အတွက် အိမ်စာမလုပ်ခဲ့ရဘူးလို့ ညာပြောခဲ့ဖူးတယ်။

အထက်ပါ အတွေ့အကြုံများကို အခြေခံပြီး ကျောင်းသားများက အောက်ပါအချက်များကို ဆွေးနွေးပါ။

မေး (၁) ဘာကြောင့် ဆရာကို သူလိမ်ပြောခဲ့ရတာလဲ။

မေး (၂) လိမ်ပြောပြီးရင် သူ့ရဲ့စိတ်ထဲမှာ ဘယ်လိုနေမလဲ။

ကျောင်းသားများအား တစ်ယောက်ယောက်က မင်းကိုလိမ်ပြောခဲ့ရင် စိတ်ထဲမှာ ဘယ်လိုနေမလဲဆိုတာကို ဆွေးနွေးပါစေ။

ကျောင်းသားများ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို တင်ပြရန်ဖြစ်သည်။

*

လုပ်ငန်း (၆) **အသေးစိတ်ဦးတည်ချက်**

မုန်းတီးရွံရှာဖွယ်ကောင်းသောအပြုအမူများကို ရှောင်ကြဉ်သင့်ကြောင်း ပြောပြတတ်စေရန်။

**သင်ကြားမှုသင်ယူမှု အထောက်အကူပစ္စည်း**

'မုန်းစရာကောင်းတဲ့လူ' (ကဗျာ)။

လုပ်ငန်း (၇) ဆရာက ကျောင်းသားများအား 'ယဉ်ကျေးသိမ်မွေ့အောင် ဘယ်လိုနေထိုင်ရမလဲ' ဟု မေးမြန်းပါ။

ယဉ်ကျေးသိမ်မွေ့သော အပြုအမူများကို နမူနာများ ပြောပြခိုင်းပါ။

ကျောင်းသားများ ယဉ်ကျေးသိမ်မွေ့စေရန် မည်သို့နေထိုင်ရမည်ကို ဆွေးနွေးပါစေ။

ကျောင်းသားများအား ယဉ်ကျေးသောအပြုအမူများကို ပြုမူခြင်းဖြင့် မည်ကဲ့သို့သော အကျိုးကျေးဇူးများရမည်ကို ဆွေးနွေးပါစေ။

လိုအပ်ပါက ဆရာက ထပ်မံဖြည့်စွက် ရှင်းလင်းပေးပါ။

*

http://www.dhammadownload.com



လုပ်ငန်း (၈) ဆရာက မုန်းစရာကောင်းတဲ့လူကဗျာကို ရွတ်ဆိုပြပါ။

မုန်းစရာကောင်းတဲ့လူ

မိဘစကား ပယ်ရှားသူ မုန်းစရာကောင်းတဲ့လူ။

ဆရာ့စကားနားမထောင်သူ မုန်းစရာကောင်းတဲ့လူ။

လိမ်လည်လှည့်ဖြားပြောတတ်သူ မုန်းစရာကောင်းတဲ့လူ။

ဆဲကာဆိုကာ ရိုင်းပျသူ မုန်းစရာကောင်းတဲ့လူ။

စာနာသောက်ထားခေါင်းပါးသူ မုန်းစရာကောင်းတဲ့လူ။

မုန်းစရာလူမဖြစ်ရေး ငယ်ရွယ်စဉ်က ပြုပြင်ပေး။

မှတ်ကြ ညီလေး... ညီမလေး။ ။ (မြေလတ်မောင်မြင့်သူ)

ကျောင်းသားများ ကဗျာကိုဆွေးနွေးပြီး ဤကွက်လပ်များကို ဖြည့်စွက်ရန် သင့်လျော်သောစကားလုံးများကို စဉ်းစားပါ။

အုပ်စုတစ်စုစီမှ ၎င်းတို့၏ထင်မြင်ယူဆချက်များကို တင်ပြကြပါမည်။

ကျောင်းသားအားလုံး ကဗျာကို ရွတ်ဆိုရန်ဖြစ်သည်။

*

## မေးခွန်းများ

မေး (၁) မုန်းစရာကောင်းတဲ့လူကဗျာကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ မုန်းစရာကောင်းတဲ့လူကဗျာကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ လူအများချစ်ခင်စေမည့် အပြုအမူကို သိစေခြင်း၊ မုန်းစရာလူမဖြစ်စေရေးအတွက် ရှောင်ကြဉ်ရမည့် စရိုက်တို့ကို သိစေခြင်းတို့ ဖြစ်ပါသည်။

မေး (၂) မုန်းစရာကောင်းတဲ့လူကဗျာ၏ သင်ယူမှု ရည်ရွယ်ချက်များကို ပြောပြပါ။

ဖြေ မုန်းစရာကောင်းတဲ့လူကဗျာ၏ သင်ယူမှု ရည်ရွယ်ချက်များမှာ –

(က) မိဘဆရာတို့၏ စကားကို အစဉ်အမြဲ နားထောင်ရန်။

(ခ) စာနာသောက်ထားပြီး ဆဲဆိုရိုင်းပျမှု၊ လိမ်ညာပြောဆိုမှုတို့ကို အစဉ်အမြဲရှောင်ရှားတတ်ရန်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



မေး (၃) မုန်းစရာကောင်းတဲ့လူကဗျာကို ဖတ်ရှုပြီး သင်ဆန့်ကျင်ခဲ့သော အချက်များကိုပြောပြပါ။

ဖြေ ------ ။

မေး (၄) ဆရာ့စကားကို နားမထောင်သဖြင့် ဒုက္ခရောက်ရသည့်အကြောင်းကို ရေးပြပါ။

ဖြေ ဆရာက စာကြိုးစားရန် ဆုံးမစကားပြောကြားသည်ကို နားမထောင်ဘဲ စာမကြိုးစားဘဲ သွားလာလည်ပတ်နေသော ကျောင်းသူကျောင်းသား အချို့မှာ စာမေးပွဲကျရှုံးကြရပါသည်။

မေး (၅) သင်သည် ချစ်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်လာအောင် မည်ကဲ့သို့ဆောင်ရွက်မည်နည်း။

ဖြေ ကျွန်ုပ်သည် ချစ်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်လာအောင် မိဘ၊ ဆရာများ၏ ဆုံးမစကားကိုနားထောင်ပါသည်။ လိမ်လည်လှည့်ဖြား ပြောဆိုခြင်း၊ ရိုင်းပျစွာ ဆဲဆိုပြောဆိုခြင်းကို ရှောင်ကြဉ်ပါမည်။ သူတစ်ပါးအပေါ် စာနာထောက်ထားမှုဖြင့် ဆက်ဆံလုပ်ကိုင်ပါမည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) မုန်းစရာကောင်းတဲ့လူသည် မည်ကဲ့သို့ လူမျိုးဖြစ်သနည်း။

ဖြေ မုန်းစရာကောင်းတဲ့လူသည် (က) မိဘစကားပယ်ရှားသူ၊ (ခ) ဆရာ့စကား နားမထောင်သူ၊ (ဂ) လိမ်လည်လှည့်ဖြားပြောတတ်သူ၊ (ဃ) ဆဲကာဆိုကာ ရိုင်းပျစွာ ပြောဆိုတတ်သူ၊ (င) စာနာထောက်ထားမှု ကင်းမဲ့သူတို့ ဖြစ်ပါသည်။

မေး (၂) လိမ္မာယဉ်ကျေးပြီး ပညာတတ်အောင် မည်သူများက မည်သည့်အရွယ်တွင် သင်ကြားပေးရမည်နည်း။

ဖြေ လိမ္မာယဉ်ကျေးပြီး ပညာတတ်အောင် မိဘ၊ ဆရာများက ငယ်ရွယ်စဉ်အရွယ်ကပင် သင်ကြားပေးရပါမည်။

မေး (၃) စာနာထောက်ထား ခေါင်းပါးသူဆိုသော စကား၏အဓိပ္ပာယ်ကို သင်သိသမျှ ရေးပြပါ။

ဖြေ စာနာထောက်ထား ခေါင်းပါးသူဆိုသော စကား၏အဓိပ္ပာယ်မှာ မိမိနှင့် နှိုင်းကာ သူတစ်ပါးအပေါ် စာနာထောက်ထားခြင်းမရှိသူကို ဆိုလိုခြင်း ဖြစ်ပါသည်။

မေး (၄) လိမ္မာယဉ်ကျေးအောင် မည်သို့နေထိုင်ရမည်နည်း။

http://www.dhammadownload.com



ဖြေ လိမ္မာယဉ်ကျေးအောင် (က) မိဘ၊ ဆရာသမားတို့၏ ဆုံးမစကားကို နားထောင်လိုက်နာရပါမည်။ (ခ) မှန်သောစကားကိုသာ ပြောဆိုရပါမည်။ (ဂ) စကားပြောဆိုရာတွင် ချိုသာယဉ်ကျေးရပါမည်။ (ဃ) သူတစ်ပါးအပေါ် စာနာထောက်ထားစွာဖြင့် ပြောဆိုဆက်ဆံလုပ်ကိုင်ပါမည်။ (င) လိမ္မာယဉ်ကျေးပြီး ပညာတတ်အောင် ယေ်စဉ်အရွယ်ကပင် သင်ယူရပါမည်။

* *

**စစ်ဆေးအကဲဖြတ်ခြင်း**

– **ဤသင်ခန်းစာတွင် အဓိကအချက်များ။** ။ ငါးပါးသီလ။ (အထူးသဖြင့်)

၁။ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

**ကလေးများ ဆောင်ရွက်ချက်ကို အကဲဖြတ်ခြင်း။**

သင်ခန်းစာ သင်နေချိန်အတွင်း ကလေးများ၏ လုပ်ဆောင်ချက်ကို လေ့လာခြင်း။ ဆရာက ကလေးများ၏ လုပ်ဆောင်ချက်ကို စာသင်ချိန်အတွင်းတွင် အကဲဖြတ်ပြီး တစ်ဦးချင်းလေ့လာမှု မှတ်တမ်းတွင် ဖြည့်စွက်ပါ။

* * *

# သင်ခန်းစာ(၁၄)
# လူမှုတာဝန် တို့ကျေပွန်

၁။ **ယေဘုယျဦးတည်ချက်**

လူကောင်းလူမွန်တစ်ဦးအနေဖြင့် ကျင့်သုံးသင့်သော လိမ္မာယဉ်ကျေးစွာ ပြုမူဆက်ဆံခြင်း၊ ငါးပါးသီလကိုစောင့်ထိန်းခြင်း၊ တာဝန်ကျေပွန်ခြင်းစသည့် ကောင်းသောအမူအကျင့်များအတိုင်း ဆက်ဆံနေထိုင်တတ်ရန်။

၂။ **အသေးစိတ်ဦးတည်ချက်**

(၁) ကြက်ခြေနီအသင်းအကြောင်း သိရှိနားလည်ခြင်းအားဖြင့် ကလေးများသည် အခက်အခဲနှင့် တွေ့ကြုံနေသော လူများကို ကိုယ်ချင်းစာစိတ်ထားတတ်လာပြီး၊ ကူညီလိုစိတ်ရှိလာစေရန်။

http://www.dhammadownload.com



(၂) ကလေးများ၏ အပြောအဆိုအပြုအမူများ ယဉ်ကျေးသိမ်မွေ့လာစေရန်နှင့် နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

(၃) ကလေးများ မိမိတို့၏နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးစားဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာစေရန်။

၃။ **သင်ခန်းစာစီစဉ်ပုံ**

**စာသင်ချိန် (၁)**

အဓိက အကြောင်းအရာမှာ ကြက်ခြေနီအသင်းကို သိရှိစေရန်နှင့် ၎င်း၏လုပ်ငန်းများကို သိရှိစေရန် ဖြစ်သည်။ ဦးစွာကလေးများ၏ အတွေ့အကြုံကို အခြေခံလျက် ကြက်ခြေနီအသင်းအကြောင်း ဆွေးနွေးခြင်းဖြင့် ဝတင်ရန်ဖြစ်သည်။ ဆွေးနွေးမှုတွင် ဆရာက ကလေးများအား ကြက်ခြေနီလုပ်ငန်းနှင့် ဆက်နွယ်မှုရှိသော ၎င်းတို့၏အတွေ့အကြုံများကို အမှတ်ရလာစေရန် တိုက်တွန်းရမည်။

၎င်းပြင် ကြက်ခြေနီအသင်း၏ ဆောင်ရွက်ချက်များကို ရနိုင်သမျှ စာရင်းပြုစုစေရမည်။

ပထမအချိန်ပြီးဆုံးသောအခါ ဆရာက ကလေးများအား ကြက်ခြေနီနှင့် ပတ်သက်သော အကြောင်းအရာများကို ပိုမိုသိရှိရန် ၎င်းတို့၏မိဘများနှင့် ရပ်ကွက်လူကြီးများထံတွင် မေးမြန်းရန် တာဝန်ပေးရမည်။ ၎င်းတို့ရရှိသော သတင်းအချက်အလက်များသည် ရှေ့သင်ခန်းစာအတွက် အခြေခံအချက်အလက်များဖြစ်လာလိမ့်မည်။

**စာသင်ချိန် (၂၊ ၃) နှင့် (၄)**

ဤအချိန်များတွင် အုပ်စုအလိုက် ကြက်ခြေနီ၏ လုပ်ဆောင်ချက်များကို စာရင်းပြုစုစေရပါမည်။ ၎င်းပြင် ကြက်ခြေနီသည် အဆိုပါလုပ်ငန်းများကို အဘယ်ကြောင့် ပြုလုပ်သည်ကို အဖြေရှာစေရမည်။ ဆရာက ကြက်ခြေနီမောင်မယ်ကဗျာကို အသုံးပြုလျက် ကလေးများဆွေးနွေးရာတွင် ပိုမိုတက်ကြွလာအောင် ပြုလုပ်ပေးရပါမည်။

သင်ခန်းစာ၏နောက်ဆုံးပိုင်းတွင် ကလေးများသည် ကြက်ခြေနီအသင်းဝင်ဖြစ်ရန် မည်ကဲ့သို့သော စိတ်ဓာတ်မျိုးရှိရမည်ကို စဉ်းစားလာကြလိမ့်မည်။

**စာသင်ချိန် (၅) နှင့် (၆)**

ပြီးခဲ့သော သင်ခန်းစာအရ ကလေးများသည် အခက်အခဲနှင့် တွေ့ကြုံနေရသူများအပေါ် ကိုယ်ချင်းစာစိတ်ရှိပြီး ကူညီရန်လိုကြောင်းနှင့် ထိုသို့ ကူညီလိုစိတ်လည်း ပြင်းပြစွာရှိရန်လိုအပ်ကြောင်း သိရှိလာမည်ဖြစ်သည်။

http://www.dhammadownload.com



ယခု စာသင်ချိန်များတွင် ကလေးများသည် ၎င်းတို့၏တာဝန်များနှင့် ဝတ္တရားများကို စဉ်းစားလာကြလိမ့်မည်။ ၎င်းပြင် ကလေးများသည် အဘယ်ကြောင့် ၎င်းတာဝန်နှင့်ဝတ္တရားများကို ဆောင်ရွက်ရန်လိုသည်ကို စဉ်းစားလာကြမည်။ ဆရာက "မောင်မယ်တာဝန်"ဟူသောကဗျာကို အသုံးပြုလျက် ကလေးများအား ပိုမိုနားလည်အောင် ကူညီပေးရမည်။

*

## သင်ပြမှုပုံစံ

**အဓိကထားစိတ်ဦးတည်ချက်**

(၁) ကြက်ခြေနီအသင်းအကြောင်း သိရှိနားလည်ခြင်းအားဖြင့် ကလေးများသည် အခက်အခဲနှင့်တွေ့ကြုံနေသော လူများကို ကိုယ်ချင်းစာစိတ်ထားတတ်လာပြီး ကူညီလိုစိတ်ရှိလာစေရန်။

**သင်ကြားမှုသင်ယူမှု အထောက်အကူပစ္စည်း**

(၁) ကြက်ခြေနီ အသင်းပုံတစ်ခု။

(၂) ကြက်ခြေနီ မောင်မယ်ကဗျာ။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက ကျောင်းသားများအား ကြက်ခြေနီအသင်းပုံကိုပြလျက် "ဒါဘာလဲ မင်းတို့ဒီအကြောင်းကို ဘာသိလဲ" ဟူ၍ မေးရမည်။

ကျောင်းသားများက တစ်ဦးချင်း ၎င်းတို့သိရှိသည်များကို ဖြေကြားကြလိမ့်မည်။

ကလေးများက အုပ်စုလိုက် ကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များကို ဆွေးနွေးကြပြီး စာရင်းပြုစုကြမည်။

ဆရာက ကျောင်းသားများအား ၎င်းတို့၏မိဘများနှင့် ရပ်ကွက်လူကြီးများထံ၌ ကြက်ခြေနီအသင်းလုပ်ငန်းများအကြောင်းကို မေးမြန်းမှတ်သားယူလာရန် မှာကြားလိုက်ပါ။

*

လုပ်ငန်း (၂) ဆရာက ပြီးခဲ့သော သင်ခန်းစာကို ပြန်လည်ဆွေးနွေးပြီး ကလေးများအား ကြက်ခြေနီအသင်း၏လုပ်ငန်းများကို မေးမြန်းပါ။

http://www.dhammadownload.com



ကလေးအချို့က ယခင်စာသင်ချိန်က သင်ယူထားသည့် ကြက်ခြေနီလုပ်ငန်းများ အကြောင်းပြန်ပြောကြရန် ဖြစ်သည်။

ကလေးအုပ်စုတစ်စုစီက မိဘနှင့်ရပ်ရွာလူကြီးများထံမှ ရသောအချက်အလက်များကို စုစည်းပြီး ကြက်ခြေနီအသင်း၏ လုပ်ငန်းများ စာရင်းကို ပြုစုကြမည်။

အုပ်စုတစ်စုစီက ၎င်းတို့ပြုစုသော လုပ်ငန်းစာရင်းများကို တင်ပြကြလိမ့်မည်။

ကျောင်းသားအုပ်စုများက ကြက်ခြေနီအသင်းသည် အဘယ်ကြောင့် ဤလုပ်ငန်းများ ကိုပြုလုပ်နေသည်ကို ဆွေးနွေးကြမည်။

ဆရာက ကြက်ခြေနီမောင်မယ် ကဗျာကို ရွတ်ဆိုပြပါ။

**ရွတ်ဆိုရန်** **ကြက်ခြေနီမောင်မယ်**

ကရုဏာကို အရင်းတည်
တို့များကြက်ခြေနီ
မေတ္တာသည် ပဓာန
ဒုက္ခရောက်သူ ဖေးမကူ။
ပြုစုယုယ ကိုယ်ချင်းစာ
လူလူချင်းညာတာ၊
လူမျိုးဘာသာ ဂိုဏ်းမရွေး
မြှင့်တင်ကျန်းမာရေး။
ရောဂါဘေးများ တို့ကာကွယ်
ကြက်ခြေနီမောင်မယ်
လူငယ်တွေကို ကြိုဆိုတဲ့
သူနာပြုတပ်ဖွဲ့။ ။ (မောင်ကျေးရွာ)

**စကားပြေ**

ကရုဏာကို အရင်းတည်သော ကျွန်ုပ်တို့ ကြက်ခြေနီမောင်မယ်များသည် မေတ္တာတရားကို အဓိကထားကာ ဒုက္ခရောက်သူများကို ဖေးမကူညီကြပါသည်။

http://www.dhammadownload.com



ဝေဒနာခံစားနေရသူများကို ကိုယ်ချင်းစာတရားဖြင့် ပြုစုယုယကြပါသည်။ လူလူချင်း ညာတာသနားသောစိတ်ဓာတ်ဖြင့် လူမျိုးဘာသာမရွေး၊ ဂိုဏ်းဂဏမရွေး၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူသားတိုင်း၏ ကျန်းမာရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခဲ့ကြပါသည်။

ရောဂါအန္တရာယ်ကျရောက်မည့်ဘေးမှ ကာကွယ်စောင့်ရှောက်သူများမှာလည်း ကျွန်ုပ်ကို ကြက်ခြေနီမောင်မယ်များ ဖြစ်ပါသည်။ မြင့်မြတ်သော လုပ်ငန်းများကို အတူတကွ လက်တွဲလျက် ဝိုင်းဝန်းလုပ်ဆောင်ကြရန်အတွက် လူငယ်မောင်မယ်များကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကြိုဆိုလျက်ရှိပါသည်။

*

## မေးခွန်းများ

မေး (၁) ကြက်ခြေနီမောင်မယ်ကို သင်ယူရခြင်းဖြင့်ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ ကြက်ခြေနီမောင်မယ်ကို သင်ယူရခြင်းဖြင့်ရရှိသော အသိပညာများမှာ ဒုက္ခရောက်သည့်သူများကို ကူညီသည့်အသင်းအဖွဲ့ဟု သိစေခြင်း၊ မိမိကိုယ်ကျိုးကို စွန့်၍ကရုဏာတရားကိုလက်ကိုင်ပြုထားသူများအဖြစ် သိစေခြင်းတို့ ဖြစ်ပါသည်။

မေး (၂) ကြက်ခြေနီမောင်မယ်၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ကြက်ခြေနီမောင်မယ်၏ သင်ယူမှု ရည်ရွယ်ချက်များမှာ

(က) ကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များကို သိစေခြင်း။

(ခ) ကျောင်းကြက်ခြေနီအသင်းဝင်၍ တာဝန်များကို လက်တွေ့ထမ်းဆောင်ရန်တို့ဖြစ်ပါသည်။

မေး (၃) သင်တို့ရပ်ကွက်တွင်းရှိ ကြက်ခြေနီတပ်ဖွဲ့တို့၏ လုပ်ဆောင်မှုကို ရှင်းပြပါ။

ဖြေ ကျွန်ုပ်တို့ရပ်ကွက်တွင်းရှိ ကြက်ခြေနီတပ်ဖွဲ့မောင်မယ်များသည် ရေဝပ်မြောင်းများကို ဆည်ကြပါသည်။ ရေအိုင်များကို ဖို့ကြပါသည်။ သစ်ပင်ချုံနွယ်များကို ရှင်းလင်းကြပါသည်။ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးသူနာပြုနည်းဖြင့် ပထမပြုစုပြီး သက်ဆိုင်ရာဆေးခန်း၊ ဆေးရုံများသို့ ပို့ပေးကြပါသည်။ ထို့ပြင် ရောဂါ၏ကူးစက်မှုဘေးမှ ကာကွယ်ရန် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဟူသမျှကို ဆောင်ရွက်ပေးကြပါသည်။

http://www.dhammadownload.com



မေး (၄) ကျောင်းကြက်ခြေနီအဖွဲ့သည် မည်သည့်လုပ်ငန်းများကို ပြုလုပ်ကြသနည်း။ သင်သိသလို ပြောပြပါ။

ဖြေ ကျောင်းကြက်ခြေနီအဖွဲ့သည် ကျောင်းသူကျောင်းသားများကို ခြင်အန္တရာယ်မှ ကာကွယ်ရန် ရေပုတ်၊ ရေအိုင်များဖို့ခြင်း၊ ရေမြောင်းများဆယ်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း ပြုလုပ်ပါသည်။ မတော်တဆ ထိခိုက်ဒဏ်ရာရသူများကို ပြုစုကုသပေးပါသည်။ လိုအပ်ပါက ဆေးရုံ၊ ဆေးခန်းများသို့ ဆက်လက်ပို့ပေးပါသည်။ ကျောင်းရောက်ပြီးမှ ရုတ်တရက် နေမကောင်းဖြစ်လာသူများကိုလည်း သက်ဆိုင်ရာဆေးခန်း၊ ဆေးရုံများသို့ကူညီပို့ပေးပါသည်။ ထို့ပြင် ရောဂါအန္တရာယ်မှ ကြိုတင်ကာကွယ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ပြုလုပ်ကြပါသည်။

မေး (၅) သင်သည် ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦးဖြစ်လျှင် မည်ကဲ့သို့ ဆောင်ရွက်မည်ကို ရှင်းပြပါ။

ဖြေ ကျွန်ုပ်သည် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်လျှင် ဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်ပါမည်။ ရောဂါဘယကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်သည့် လုပ်ငန်းများတွင် တက်ကြွစွာပါဝင်လုပ်ရှားမည် ဖြစ်ပါသည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) ကြက်ခြေနီတပ်ဖွဲ့သည် ဒုက္ခရောက်သူတိုင်းကို ကာကွယ်ပါသလား။

ဖြေ ကြက်ခြေနီတပ်ဖွဲ့သည် ဒုက္ခရောက်သူတိုင်းကို ကာကွယ်ပါသည်။

မေး (၂) ကြက်ခြေနီတပ်ဖွဲ့ကို ကျောင်းကျန်းမာရေးလုပ်ရန် ကူညီနိုင်းလျှင် ကူညီမည်လား။ အဘယ်ကြောင့်နည်း။

ကြက်ခြေနီတပ်ဖွဲ့ကို ကျောင်းကျန်းမာရေးလုပ်ရန် ကူညီနိုင်းလျှင် ကူညီမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မေတ္တာ၊ ကရုဏာတရားများကို အခြေခံထားကာ လူမျိုးဘာသာမရွေး၊ ဂိုဏ်းဂဏမရွေး၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူသားတို့၏ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို လုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။

မေး (၃) ကြက်ခြေနီအသင်းဝင်ဖြစ်ရန် မည်သည့်စိတ်ဓာတ်မျိုးရှိရမည်နည်း။

ဖြေ ကြက်ခြေနီအသင်းဝင်ဖြစ်ရန် လူသားတိုင်းအပေါ် ညီအစ်ကိုအရင်းကဲ့သို့ သဘောထား

http://www.dhammadownload.com



တတ်သည့်စိတ်ဓာတ်၊ မေတ္တာကရုဏာတရား အခြေခံထားတတ်သည့် စိတ်ဓာတ်၊ ထိခိုက်ဒဏ်ရာရသူများ၊ ဖျားနာသူများ၊ အဝီဒုက္ခရောက်နေသူများကို လူမျိုးဘာသာမရွေး၊ ဂိုဏ်းဂဏမရွေး၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ ကူညီစောင့်ရှောက်လိုသော စိတ်ဓာတ်မျိုးရှိရပါသည်။

* *

## ဆွေးနွေးရန်

၁။ ကလေးများအား (အုပ်စုလိုက်) ကြက်ခြေနီအသင်း၏လုပ်ငန်းဆောင်ရွက်မှု ရည်ရွယ်ချက်များကို ဆွေးနွေးပါစေ။

၂။ ကလေးများအား ကြက်ခြေနီအသင်းဝင်ဖြစ်လျှင် မည်သည့်စိတ်ဓာတ်မျိုးရှိရမည်ကို အုပ်စုလိုက် ဆွေးနွေးပါစေ။

အုပ်စုတစ်စုစီက မိမိတို့၏အတွေးအခေါ် အယူအဆများကို တင်ပြကြမည်။

**ဖြစ်နိုင်ပါက ဆောင်ရွက်ရန်။**

ဆရာက ကြက်ခြေနီ အသင်းဝင်တစ်ဦးအား ဖိတ်ခေါ်လျက် ကြက်ခြေနီအသင်းအကြောင်းကို ကလေးများအားပြောပြရန် ဖြစ်သည်။ ဤသို့ဖြင့် သင်ခန်းစာသင်ယူရာ၌က မရှင်းလင်းသောကိစ္စရပ်များကို မေးမြန်းနိုင်သည်။ ၄င်းမတိုင်မီ ဆရာက ကလေးများ မည်သည့်အကြောင်းအရာကို နားထောင်လိုသည်ကိုပြောပြနိုင်ရန် ကြိုတင်ပြင်ဆင်ထားစေရမည်။

*

## မောင်မယ်တာဝန် (ကဗျာ)

**အသေးစိတ်ဦးတည်ချက်**

(၁) အပြောအဆို အပြုအမူများ ယဉ်ကျေးသိမ်မွေ့လာစေရန် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသော နိုင်ငံသားကောင်းများ ဖြစ်လာစေရန်။

(၂) မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးမှုအတွက် ကြိုးစားဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာစေရန်။

*

## သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း (၁) ဆရာက ကျောင်းသားများအား 'မင်းတို့နေ့စဉ် ဘာတာဝန်ကို လုပ်ဆောင်ကြသလဲ' ဟု မေးရမည်။

http://www.dhammadownload.com



ကလေးများက ၎င်းတို့၏တာဝန်များကို ပြောပြကြမည်။

ဆရာက ကလေးများဖြေသော တာဝန်များအနက် တချို့ကို ရွေးထုတ်ပြီး ဘာကြောင့် လုပ်ရသည်ကို မေးပါ။

ကလေးများက ဘာကြောင့်လုပ်ရသနည်းဟူသော အကြောင်းရင်းကို ဆွေးနွေးကြမည်။

ထို့နောက် ကလေးများအား ၎င်းတို့လုပ်ဆောင်သင့်သည့် တာဝန်များကိုထပ်၍ စဉ်းစားစေပြီး ၎င်းကို စာရင်းပြုစုပါစေ။

အုပ်စုတစ်စုစီက မိမိတို့လုပ်ဆောင်သင့်သည့်တာဝန်များကို ဖြေဆိုကြရမည်။

ဆရာက 'မောင်မယ်တာဝန်'ကဗျာကို ရွတ်ဆိုပြပါ။

**ရွတ်ဆိုရန်** **မောင်မယ်တာဝန်**

အသက်အရွယ် နုနယ်သေးတဲ့
မောင်မယ်လေးတို့ မှတ်စရာ။
ကိုယ်နှုတ်အမူအရာ ချိုသာအေးမှ
လူ့ယဉ်ကျေးများခေါ်နိုင်မှာ။
သက်တူရွယ်တူ အဖော်များနဲ့
ခိုက်ရန်မပွားချစ်ခင်စွာ။
သက်ကြီးရွယ်အို မိဘများနဲ့
ဆရာသမားကို ရိုသေပါ။
ငယ်ရွယ်စဉ်မှာ ပညာရဖို့
ကြိုးစားလို့လ ရှိသင့်တာ
ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုးကို
မြတ်နိုးချစ်စိတ်မွေးရမှာ။
မောင်မယ်တာဝန် ကျေပွန်ကြမှ
မြန်မာပြည်လှ တိုးတက်မှာ။
ကြိုးစားပါ... ကြိုးစားပါ။ ။

**မောင်တင်စိုး (သစ်ရာကောက်)**

http://www.dhammadownload.com



**စကားပြေ**

အသက်အရွယ် နုနယ်ငယ်ရွယ်သော မောင်လေးညီမလေးများ မှတ်သားထားကြပါ။ ကိုယ်နှုတ်အမူအရာ ချိုအေးသာယာမှသာလျှင် ယဉ်ကျေးသောသူဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

သက်တူရွယ်တူ အပေါင်းအဖော်များနှင့် ခိုက်ရန်ဖြစ်ပွားခြင်းမပြုဘဲ၊ ချစ်ချစ်ခင်ခင် ပေါင်းသင်းနေထိုင်ကြပါ။

အသက်အရွယ်ကြီးရင့်သူ ဘိုးဘွား၊ မိဘများနှင့် ဆရာသမားများကို ရိုသေလေးစားစွာ ပြောဆိုနေထိုင်ဆက်ဆံကြပါ။

ငယ်ရွယ်စဉ်ကာလတွင် ပညာရရှိရေးအတွက် လုံ့လဝီရိယဖြင့် ကြိုးစားသင်ယူကြပါလေ။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို မြတ်နိုးချစ်ခင်တတ်သော စိတ်ဓာတ်မွေးမြူကြရပါမည်။

မောင်တို့မယ်တို့ တာဝန်ကျေပွန်ကြမှသာလျှင် သာယာလှပသော မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

မောင်လေးညီမလေးများ ကြိုးစားကြပါ။ ကြိုးစားကြပါလေ။

*

## မေးခွန်းများ

မေး (၁) မောင်မယ်တာဝန်ကို သင်ယူရခြင်းဖြင့်ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ မောင်မယ်တာဝန်ကို သင်ယူရခြင်းဖြင့်ရရှိသော အသိပညာများမှာ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးရမည်ကို သိစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ နေထိုင်ရမည်ကို သိစေခြင်း ငယ်ရွယ်စဉ်အခါ ပညာကြိုးစားရမည်ကို သိစေခြင်းတို့ဖြစ်ပါသည်။

မေး (၂) မောင်မယ်တာဝန်၏ သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

မောင်မယ်တာဝန်၏ သင်ယူမှု ရည်ရွယ်ချက်များမှာ –

(က) ကိုယ်နှုတ်အမူအရာ ယဉ်ကျေးပြီး တိုင်းပြည်တာဝန် ကျေပွန်စွာ ထမ်းဆောင်နိုင်သူများဖြစ်လာစေရန်။

(ခ) မိမိနိုင်ငံတော် တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လိုစိတ်ရှိရန်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး (၃) သင်တို့ရပ်ကွက်ထဲတွင် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးပြီး အရွယ်တူသူငယ်ချင်းများနှင့် ချစ်ခင်စွာ နေထိုင်တတ်သူတစ်ဦး အကြောင်းရေးပါ။

ဖြေ ကျွန်ုပ်တို့ရပ်ကွက်ထဲတွင် ကိုယ်နှုတ်အမူအရာ ယဉ်ကျေးပြီး အရွယ်တူသူငယ်ချင်းများနှင့် ချစ်ခင်စွာ နေထိုင်တတ်သူတစ်ဦးရှိပါသည်။ သူ့အမည်မှာ မောင်ငြိမ်းချမ်း ဖြစ်ပါသည်။ သူ့ကို သူငယ်ချင်းအားလုံးက ချစ်ခင်လေးစားကြပါသည်။

မေး (၄) သင်တို့အရွယ်ကလေးများ ကျောင်းမနေဘဲ အိမ်မှာနေကြသလား။ ရပ်ကွက်ထဲမှာ ရှိလျှင် ပြောပြပါ။

ဖြေ ကျွန်ုပ်တို့အရွယ်ကလေး အချို့သည် ကျောင်းမနေဘဲ အိမ်မှာနေကြသည်ကို ရပ်ကွက်ထဲမှာ တွေ့ရပါသည်။

*

## တတ်မြောက်မှုစစ်ဆေးခြင်း

မေး (၁) ကိုယ်နှုတ်အမူအရာ ကြမ်းတမ်းသူကို မည်သို့ခေါ်ဆိုမည်နည်း။

ဖြေ ကိုယ်နှုတ်အမူအရာ ကြမ်းတမ်းသူကို ယဉ်ကျေးမှုမရှိသူ၊ မိုက်ရိုင်းသူဟု ခေါ်ဆိုရပါမည်။

မေး (၂) သူငယ်ချင်းများနှင့် မည်သို့ပေါင်းသင်းဆက်ဆံမည်နည်း။

ဖြေ သူငယ်ချင်းများနှင့် ခိုက်ရန်ဖြစ်ပွားခြင်းမရှိဘဲ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံပါမည်။

မေး (၃) လူကြီးမိဘများကို ရိုသေလျှင် မည်သည့်အကျိုးတရားများ ရနိုင်သနည်း။

ဖြေ လူကြီးမိဘများကို ရိုသေလျှင် လူယဉ်ကျေးအဖြစ် အများ၏လေးစားချစ်ခင်ခြင်းကို ရရှိမည့်အပြင် ကိုယ်စိတ်နှစ်ပါးစလုံး အေးချမ်းသာယာမှုကို ရရှိစေမည်ဖြစ်ပါသည်။

မေး (၄) တိုင်းပြည်တိုးတက်အောင် လူငယ်လူရွယ်များက မည်သို့ပြုလုပ်ပေးရမည်နည်း။

ဖြေ တိုင်းပြည်တိုးတက်အောင် လူငယ်လူရွယ်များသည် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးစိတ်မွေးမြူကာ ငယ်စဉ်အခါ ပညာရှာပြီးလျှင် ပညာပြည့်စုံသည့်အခါ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရပါမည်။

* *

http://www.dhammadownload.com



## စစ်ဆေးအကဲဖြတ်ခြင်း

– **သင်ခန်းစာ၏ အဓိကအကြောင်းအရာများကား အဘယ်နည်း။**

– အခက်အခဲကြုံနေသော လူများအပေါ် ကိုယ်ချင်းစာနာစိတ်ရှိစေခြင်း။

– အခက်အခဲကြုံနေသူများကို ကူညီလိုစိတ်ဖြစ်ပေါ်စေခြင်း။

– အပြောအဆိုနှင့် အပြုအမူ၌ ယဉ်ကျေးသိမ်မွေ့လာစေရန်နှင့် နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်မည့်နိုင်ငံသားများ ဖြစ်လာစေခြင်း။

– မိမိနိုင်ငံတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာစေခြင်း။

**ကလေးများ၏ လုပ်ဆောင်ချက်ကို မည်ကဲ့သို့ အကဲဖြတ်မည်နည်း။**

– **စာစီကုံးမေးခွန်းကို။**

ကလေးများ၏ နားလည်မှုအဆင့်နှင့် ယဉ်ကျေးခြင်းနှင့် ပတ်သက်သည့် အယူအဆကို အကဲဖြတ်ရန် စာစီကုံးမေးခွန်းကို မေးရန်ဖြစ်သည်။ နမူနာမေးခွန်းပုံစံအောက်တွင် ဖော်ပြထားသည်။

### နမူနာမေးခွန်း

သင်၏ကျောင်း၊ ရပ်ကွက်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန် သင်မည်သည့်လုပ်ငန်းများကို ဆောင်ရွက်မည်နည်း။ သင်၏ဝတ္တရားများကို ဖော်ပြပါ။

– **စာသင်ချိန်၌ ကလေးများ၏ လုပ်ဆောင်ချက်ကို လေ့လာခြင်း။**

စာသင်ချိန်တွင် ကလေးများ၏ လုပ်ဆောင်ချက်များကို စစ်ဆေးနိုင်သည်။ သင်ခန်းစာ (၁၁)တွင် ဖော်ပြထားသော အကဲဖြတ်ပုံစံကို အသုံးပြုနိုင်သည်။

* * *

ပြီးပါပြီ။

ထူးထူးချွန်ချွန်အောင်မြင်ကြပါစေသတည်း။

http://www.dhammadownload.com



## နောက်ဆက်တွဲ

ရှေ့မှာဖော်ပြခဲ့သော သင်ခန်းစာများသည် ပြဋ္ဌာန်းချက်အသစ်အရ အားလုံးပြည့်စုံပြီးဖြစ်သည်။

သို့သော် အချို့သောမြို့နယ်များမှ ယခင်သင်ခန်းစာအဟောင်းမှ ခေါင်းစဉ်များကို မေးမြန်းလာပါသည်။

သို့ဖြစ်ပါ၍၊ အသုံးပြုလိုက အသုံးပြုနိုင်ရန်၊ အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

ပန်းတိုင်စာတည်းအဖွဲ့

*　*　*

## အခန်း(၃၄)
## ဇာတိမာန်နှင့် မျိုးချစ်စိတ်
## ဇာနည်မျိုးနဲ့ အမွေခံ

**သင်ယူမှုလုပ်ငန်းများ**

လုပ်ငန်း(၁) ။ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို သင်သိသမျှ ပြောပြပါ။

ဖြေ ။ ။ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ သမိုင်းကြောင်းနှင့် ဆက်စပ်၍ ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်တို့၏ ဘုရင်များကို သိစေခြင်း၊ သူ့ကျွန်မခံလိုသော စိတ်ဓာတ်ကို သိရှိစေခြင်း၊ မိမိတိုင်းပြည်အတွက် အချိန်မရွေး ကာကွယ်ရမည်ကို သိစေခြင်းတို့ဖြစ်ပါသည်။

လုပ်ငန်း(၂) ။ ဇာတိမာန်နှင့် မျိုးချစ်စိတ်၏ သင်ယူမှုရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ။ ။ ဇာတိမာန်နှင့် မျိုးချစ်စိတ်၏ သင်ယူမှုရည်ရွယ်ချက်များမှာ -

(က) အာဇာနည်သူရဲကောင်းတို့၏ သတ္တိ သွေးအမွေအနှစ်ကို အတုယူတတ်စေရန်။

(ခ) မျိုးချစ်စိတ်ကို အခြေခံသည့် ကျောင်းသားကျောင်းသူများ ဖြစ်လာစေရန် တို့ဖြစ်ပါသည်။

လုပ်ငန်း(၃) ။ အောက်ဖော်ပြပါကဗျာကို သံစဉ်အတက်အကျဖြင့် ဆရာကတိုင်ပေးသည်ကို တစ်တန်းလုံးလိုက်၍ ရွတ်ဆိုပါ။

http://www.dhammadownload.com



ရွတ်ဆိုရန် ဘနည်မျိုးနဲ့ အမွေခံ

အနော်ရထာနှင့် မင်းကျန်စစ်
ကျော်ကြားပုဂံခေတ်
ပြည်သစ်တည်ထောင် ဘုရင့်နောင်
တောင်ငူခေတ်မှာ သမိုင်းပြောင်
ကုန်းဘောင်ခေတ်မှာ ဂုဏ်ထင်ရှား
အောင်ဇေယျခေါ် အလောင်းဘုရား။
တိုင်းတစ်ပါးကို မကြည်ညို
သူ့ကျွန်ဘဝ မနေလို၊
နယ်ချဲ့ရန်ကို ခုခံကြ
သတ္တိပြောင်တဲ့ ဗန္ဓုလ။
ဗိုလ်တေဇလဲ မခေပါ
လွတ်လပ်ရေး ဗိသုကာ
ရာဇဝင်မှာ မော်ကွန်းထိုး
မြန်မာ့ဘနည်မျိုး။
ဘမျိုးဘိုးတူ တို့တစ်တွေ
သတ္တိရဲသွေး နီပါစေ။
ကိုယ့်မြေတွက်ဆို ချိန်မရွေး
သက်စွန့်မယ်မနေး။ မြေလတ် - မောင်မြင့်သူ

**စကားပြေ**

အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းကြီးတို့သည် ပုဂံခေတ်တွင် ကျော်ကြားထင်ရှားခဲ့သော မင်းများဖြစ်ပါသည်။

ဟံသာဝတီနန်းသစ်၊ ပြည်သစ်တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းကြီးသည် ဒုတိယမြန်မာနိုင်ငံတော် တောင်ငူခေတ်တွင် ထင်ရှားခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဦးအောင်ဇေယျခေါ် အလောင်းမင်းရားကြီးသည် ကုန်းဘောင်ခေတ်၏ ထင်ရှားကျော်ကြားသော မင်းတစ်ပါးဖြစ်ပါသည်။

တိုင်းတစ်ပါးသားများကို အထင်ကြီး ကြည်ညိုခြင်း၊ ခယဝပ်တွားခြင်းမရှိဘဲ သူ့ကျွန်မခံလိုသော ဇာတိမာန်စိတ်ဓာတ်ဖြင့် ကျူးကျော်လာသော နယ်ချဲ့အင်္ဂလိပ်တို့ရန်ကို သတ္တိပြောင်မြောက်စွာဖြင့် ခုခံတိုက်ခိုက်ခဲ့သူမှာ စစ်သူကြီး မဟာဗန္ဓုလဖြစ်ပါသည်။

http://www.dhammadownload.com



ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မြန်မာ့သမိုင်းတွင် အဆင့်နိမ့်သူ မဟုတ်ပါ။ မြန်မာ့လွတ်လပ်ရေး ဗိသုကာအဖြစ် ထင်ရှားကျော်ကြားသူဖြစ်ပါသည်။ ရာဇဝင်သမိုင်းတွင် မြန်မာ့အာဇာနည်တစ်ဦးအဖြစ် မော်ကွန်းထိုးခံရသူဖြစ်ပါသည်။

မြန်မာ့အာဇာနည် သူရဲကောင်းများ၏ သွေးသားမှ ဆင်းသက်လာသော ကျွန်ုပ်တို့တစ်တွေသည် အဘ၊ အဘိုး၊ အဘီ၊ အဘင်တို့နှင့် မျိုးတူသွေးတူသူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် သတ္တိထွန်းပြောင်၍ ရဲသွေးနီသူများဖြစ်စေရပါမည်။ ကိုယ့်ပြည်ကိုယ့်မြေကိုယ့်ရေ ထိပါးလာမည်ဆိုပါက မည်သည့်အချိန်၌မဆို အချိန်အခါမရွေး မနှောင့်နှေးစေဘဲ သက်စွန့်ကြိုးပမ်း၍ ကာကွယ်တိုက်ခိုက်ကြမည်ဖြစ်ပါသည်။

✳

လုပ်ငန်း(၄) ။ မြန်မာနိုင်ငံရှိ ကျော်ကြားသော ရှေးခေတ်ဘုရင်များအကြောင်း ဖော်ပြပါ။

ဖြေ ။ ။ မြန်မာနိုင်ငံရှိ ကျော်ကြားသော ရှေးခေတ်ဘုရင်များမှာ-

(က) အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းကြီးတို့သည် ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်တွင် ကျော်ကြားထင်ရှားခဲ့သော မင်းများဖြစ်ပါသည်။

(ခ) ကမ္ဘောဇသာဒီ ဟံသာဝတီ နန်းသစ်၊ ပြည်သစ် တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည် ဒုတိယမြန်မာနိုင်ငံတော် တောင်ငူခေတ်တွင် ထင်ရှားခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။

(ဂ) တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော **ဦးအောင်ဇေယျ**ခေါ် အလောင်းမင်းတရားကြီးသည် ကုန်းဘောင်ခေတ်၏ ထင်ရှားကျော်ကြားခဲ့သော မင်းတစ်ပါးဖြစ်ပါသည်။

လုပ်ငန်း(၅) ။ သီပေါမင်းပါတော်မူပုံကိုပြ၍ မြန်မာနိုင်ငံမည်သို့ဖြစ်ရသည်ကို ရှင်းလင်းပါ။

ဖြေ ။ ။ သီပေါမင်းပါတော်မူပြီးနောက် မြန်မာနိုင်ငံသည် ဗြိတိသျှ ကိုလိုနီနိုင်ငံဖြစ်ကာ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

လုပ်ငန်း(၆) ။ သင်၏တိုင်းပြည်ကို ကာကွယ်ရန် သင်ကိုယ်တိုင် ဆောင်ရွက်မည့်အစီအစဉ်ကို ရေးပါ။

ဖြေ ။ ။ ကျွန်ုပ်၏တိုင်းပြည်ကို ကာကွယ်ရန် ကျွန်ုပ်သည် ပညာသင်ကြားတတ်မြောက်ပြီးနောက် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ရသည့် လုပ်ငန်းတာဝန်များတွင် ဝင်ရောက်အမှုထမ်းကာ သက်စွန့်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်း(၇) ။ သင်၏အိမ်ဝင်းထဲသို့ သူတစ်ပါးက အိမ်လာဆောက်လျှင် သင့်စိတ်တွင် မည်သို့ရှိမည်နည်း။

ဖြေ ။ ။ ကျွန်ုပ်၏အိမ်ဝင်းထဲသို့ သူတစ်ပါးက အိမ်လာဆောက်လျှင် မတရားကျူးကျော်လာမှုကို ခံပြင်းဒေါသထွက်ရှိပါမည်။ ထိုကျူးကျော်ဆောက်လုပ်သောအိမ်ကို တွန်းလှန်

http://www.dhammadownload.com



ဖယ်ရှားနိုင်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်နေမည် ဖြစ်ပါသည်။

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

**မေး(၁)** ။ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို မည်သူက တည်ထောင်ခဲ့သနည်း။

**ဖြေ** ။ ကုန်းဘောင်ခေတ် တတိယမြန်မာနိုင်ငံတော်ကို ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားကြီးက တည်ထောင်ခဲ့ပါသည်။

**မေး(၂)** ။ မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် အဓိကစွမ်းဆောင်ခဲ့သည့် ခေါင်းဆောင်မှာမည်သူ ဖြစ်သနည်း။

**ဖြေ** ။ မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် အဓိကစွမ်းဆောင်ခဲ့သည့် ခေါင်းဆောင်မှာ ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါသည်။

**မေး(၃)** ။ သင်တို့တစ်တွေ မည်သူ့ရဲ့ အမွေဆက်ခံပြီး ဘာလုပ်မည်လို့ ဆုံးဖြတ်ထားသနည်း။

**ဖြေ** ။ ကျွန်ုပ်တို့တစ်တွေသည် ဘိုးဘွားများ၏ အမွေကို ဆက်ခံကာ ရဲစွမ်းသတ္တိပြောင်မြောက်စွာဖြင့် ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးကို သက်စွန့်ကြိုးပမ်းလျက် ကာကွယ်စောင့်ရှောက်သွားမည်ဟု ဆုံးဖြတ်ထားပါသည်။

* * *

## ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ

**သင်ယူမှုလုပ်ငန်းများ**

**လုပ်ငန်း(၁)** ။ ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို သင်သိသမျှ ပြောပြပါ။

**ဖြေ** ။ ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ မိမိနေထိုင်သော တိုင်းပြည်ကို ချစ်မြတ်နိုးစိတ်ရှိရန် သိစေခြင်း။ မျိုးချစ်စိတ်သည် မိမိနေထိုင်ရာ တိုင်းပြည်ကို ခင်တွယ်မှု ပေါ်ပေါက်လာနိုင်သည်ကို သိစေခြင်းတို့ဖြစ်ပါသည်။

**လုပ်ငန်း(၂)** ။ ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ ၏ သင်ယူမှုရည်ရွယ်ချက်များကို ပြောပြပါ။

**ဖြေ** ။ ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ ၏ သင်ယူမှုရည်ရွယ်ချက်များမှာ -

(က) ဇာတိမာန်နှင့် မျိုးချစ်စိတ်ကိန်းအောင်းလာစေရန်။

(ခ) တိုင်းပြည်၏ကျေးဇူးသစ္စာကို စောင့်သိတတ်စေရန်။

(ဂ) မိမိတိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုစိတ်များ ဖြစ်ပေါ်စေရန် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



လုပ်ငန်း(၃) ။ အောက်ဖော်ပြပါ စာပိုဒ်ကို ဆရာမှရှင်းပြပြီး တပည့်များအုပ်စုလိုက်ဆွေးနွေးပါ။

ဖြေ ။ ။ **ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကိုပြုစုပါ**

ဤစကားပုံသည် တိုင်းရင်းသား စကားပုံတစ်ခုဖြစ်သည်။ ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကိုပြုစုပါဟူသော စကားပုံသည် မိမိနေထိုင်ရာတိုင်းပြည်၏ ကျေးဇူးကို သိတတ်ပါဟုဆိုလိုသည်။ မိမိအရိပ်ခိုဖူးသော သစ်ပင်၏ အခက်၊ အရွက်ကို မချိုးဖဲ့သင့်သကဲ့သို့ ကျေးဇူးသိတတ်သူမှန်လျှင် မိမိနေထိုင်ရာ တိုင်းပြည်ကို သစ္စာရှိသင့်သည်။ စောင့်ရှောက်သင့်သည်။ မိမိနေထိုင်ရာ တိုင်းပြည်ကို မပြုစု မစောင့်ရှောက်လျှင် ထိုသူသည် ကျေးဇူးမသိတတ်သူဖြစ်ပေသည်။

**စကားချပ်** ။ - ဤတိုင်းပြည်မှာနေလျှင် ဤတိုင်းပြည်ကို ပြုစုပါ။
- ဤကျောက်ဆောင်ထဲမှ ဖားကိုစားလျှင် ဤကျောက်ဆောင်ကို ပြုစုပါ။
- ဤရေထဲမှငါးကို စားလျှင် ဤရေအိုင်ကို ပြုစုပါ။ (ကရင်စကားပုံ)

လုပ်ငန်း(၄) ။ အရိပ်နေနေ အခက်ချိုးချိုး ဟူသည့်စကားကို နားလည်သကဲ့သို့ ပြောပြပါ။

ဖြေ ။ ။ အရိပ်နေနေ အခက်ချိုးချိုး ဟူသည်မှာ မိမိအရိပ်ခိုလှုံဖူးသော သစ်ပင်မှ အခက်အလက်များကို ချိုးဖဲ့ခြင်းကို ဥပမာပြု၍ သူတစ်ထူး၏ ကျေးဇူးတရားကို မသိတတ်ဘဲ ကျေးဇူးကန်းသူမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

လုပ်ငန်း(၅) ။ ကျေးဇူးသိတတ်သည့် ပုံပြင်တစ်ပုဒ်ကို ရေးပါ။

ဖြေ ။ ။ xxxxxxxxxxxxxxxxx

လုပ်ငန်း(၆) ။ သင့်ပတ်ဝန်းကျင်တွင် တွေ့ရှိသော ကျေးဇူးသိတတ်သည့် ကျောင်းသားကျောင်းသူတစ်ဦးအကြောင်းကို ရေးပါ။

ဖြေ ။ ။ ကျွန်ုပ်တို့အတန်းမှ မောင်ထွန်းဦးသည် မိဘနှစ်ပါးလုံးကွယ်လွန်သွားသဖြင့် ဦးလေးဖြစ်သူ ဦးဘမောင်မှ ခေါ်ယူကျွေးမွေးပြုစုထားပြီး ကျောင်းလည်းထားခဲ့ပါသည်။ မောင်ထွန်းဦးသည် ဦးလေးဖြစ်သူ၏ ကျေးဇူးတရားကို သိတတ်သူဖြစ်၍ ဦးလေးမိသားစု၏စီးပွားရေးလုပ်ငန်းနှင့် အိမ်တွင်းမှုလုပ်ငန်းများကို တတ်စွမ်းသရွေ့ ကူညီလုပ်ကိုင်ပေးလေ့ရှိပါသည်။ ဦးလေးနှင့် အဒေါ်တို့၏ ဝတ်ကြီးဝတ်ငယ်များကိုလည်း မလစ်ဟင်းရအောင် ဆောင်ရွက်ပေးပါသည်။

* *

http://www.dhammadownload.com



## တတ်မြောက်မှုစစ်ဆေးခြင်း

မေး(၁) ။ အရိပ်ခိုဖူးသော သစ်ပင်၏ အခက်အလက်ကို အဘယ့်ကြောင့် မချိုးဖဲ့သင့်ဟု ပြောသနည်း။

ဖြေ ။ ။ အရိပ်ခိုဖူးသော သစ်ပင်၏ အခက်အလက်ကို မချိုးဖဲ့သင့်ခြင်းမှာ မိမိကို နေပူဒဏ်၊ မိုးရွာဒဏ်မှ ကာကွယ်ပေးသော ကျေးဇူးတရားရှိ၍ ကျေးမဇွပ်မိစေရန် ဖြစ်ပါသည်။

မေး(၂) ။ ဤတိုင်းပြည်ကို ပြုစုပါဟူသော စကားသည် သင့်ကိုဘာလုပ်ခိုင်းသည်ဟု ထင်သနည်း။

ဖြေ ။ ။ မိမိတိုင်းပြည်ကို ပြုစုပါဟူသော စကားသည် ကျွန်ုပ်ကို မိမိနေထိုင်ရာ တိုင်းပြည်ကို ကျေးဇူးသိတတ်ပါဟု ပြောဆို၍ တိုင်းပြည်တာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ရန် စေခိုင်းသည်ဟု ထင်ပါသည်။

မေး(၃) ။ ကျေးဇူးသိတတ်သူသည် မည်ကဲ့သို့သော လူမျိုးဖြစ်သနည်း။

ဖြေ ။ ။ ကျေးဇူးသိတတ်သူသည် မိမိနေထိုင်ရာ တိုင်းပြည်ကို သစ္စာရှိသူ၊ ကာကွယ်စောင့်ရှောက်သူ၊ မင်္ဂလာတရားနှင့် ညီညွတ်သော လိမ္မာယဉ်ကျေးသူမျိုးဖြစ်ပါသည်။

* * *

## အခန်း(၃၆)
## ယဉ်ကျေးမှု
## သွေးချင်းတို့၏ ကပွဲသဘင်

**သင်ယူမှုလုပ်ငန်းများ**

လုပ်ငန်း(၁) ။ သွေးချင်းတို့၏ ကပွဲသဘင်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ ။ ။ သွေးချင်းတို့၏ ကပွဲသဘင်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို သိစေခြင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအစုစုတို့ကို စိတ်ဝင်စားလာစေခြင်း တို့ဖြစ်ပါသည်။

လုပ်ငန်း(၂) ။ သွေးချင်းတို့၏ ကပွဲသဘင်သင်ယူမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ။ ။ သွေးချင်းတို့၏ ကပွဲသဘင် သင်ယူမှု ရည်ရွယ်ချက်များမှ -

(က) လူမျိုးစုတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး အစဉ်အဆက် ထိန်းသိမ်းလာခဲ့ပုံကို သိရှိစေရန်။

(ခ) တိုင်းရင်းသားတို့၏ ထင်ရှားသော ရိုးရာအကများကို သိရှိခံစားတတ်စေရန် တို့ဖြစ်ပါသည်။

လုပ်ငန်း(၃) ။ အောက်ဖော်ပြပါ ကဗျာကို ဆရာက သံစဉ်အနိမ့်အမြင့်ဖြင့် ဖတ်ပြသည်ကို တပည့်များက လိုက်၍ ရွတ်ဆိုပါ။

http://www.dhammadownload.com



ရွတ်ဆိုရန်

## သွေးချင်းတို့၏ ကမ္ဘာသဘင်

ကချင်မလေး ယဉ်ပါပေ
မနောကလို့နေ၊
ကယားလေးတွေ ဖားစည်အက
ရင်သတ်ရှုမောရ။
ဒုံးရိမ်းကတဲ့ ကိုကရင်
ညီညာသွက်လက် မြူးပျော်ရွှင်
ချင်းတို့တီထွင် ဝါးညှပ်အက
မြတ်နိုးဖွယ်ပေပ။
ရွှေရိုးကတဲ့ ကိုဗမာ
ဒိုးပတ်သံသာယာ
မွန်ပျိုကညာ ယဉ်စစ
ဟင်္သာလေးလိုက။
ရှမ်းမလေးမျက်နှာ ချစ်စရာ
ကကြိုးကိုနှုရာ၊
ရခိုင်ရိုးရာ သျှင်ဒိုင်အက
မြင်သော် ရှုမဝ။
ကကြိုးစုံတဲ့ တို့မြန်ပြည်
ယန်းတိုင်းပွင့်ဝေစည်
သွေးရင်းပီပီ ညီညွတ်မှု
ပင်လုံသက်သေပြု။ ။ **မောင်ငယ်(ကျောက်ဆောင်စမ်း)**

လုပ်ငန်း(၄) ။ မြန်မာပြည်တွင်ရှိ တိုင်းရင်းသား (၈)မျိုးတို့၏အမည်ကို ရေးပါ။

ဖြေ ။ ။ မြန်မာပြည်တွင်ရှိ တိုင်းရင်းသား (၈)မျိုးတို့၏အမည်မှာ (၁) ကချင်၊ (၂) ကယား၊ (၃) ကရင်၊ (၄) ချင်း၊ (၅) ဗမာ၊ (၆) မွန်၊ (၇) ရှမ်း၊ (၈) ရခိုင်တို့ ဖြစ်ပါသည်။

လုပ်ငန်း(၅) ။ တိုင်းရင်းသားတို့၏ နေထိုင်ရာဒေသ အမည်တို့ကို ဖော်ပြပါ။

ဖြေ ။ ။ တိုင်းရင်းသားတို့၏ နေထိုင်ရာဒေသအမည်များမှာ (၁) ကချင်ပြည်နယ်၊ (၂) ကယားပြည်နယ်၊ (၃) ကရင်ပြည်နယ်၊ (၄) ချင်းပြည်နယ်၊ (၅) မွန်ပြည်နယ်၊ (၆) ရခိုင်ပြည်နယ်၊ (၇) ရှမ်းပြည်နယ် နှင့် တိုင်းဒေသများဖြစ်ပါသည်။

http://www.dhammadownload.com



(သို့မဟုတ်)

ဖြေ ။ ။ တိုင်းရင်းသားတို့၏ နေထိုင်ရာဒေသအမည်များမှာ ပြည်နယ်နှင့်တိုင်းဒေသများ ဖြစ်ပါသည်။

လုပ်ငန်း(၆) ။ တိုင်းနှင့်ပြည်နယ် စုစုပေါင်း၏ အမည်ကို ဖော်ပြပါ။

ဖြေ ။ ။ တိုင်းများ၏ အမည်များမှာ (၁) စစ်ကိုင်းတိုင်း၊ (၂) တနင်္သာရီတိုင်း၊ (၃) ပဲခူးတိုင်း၊ (၄) မကွေးတိုင်း၊ (၅) မန္တလေးတိုင်း၊ (၆) ရန်ကုန်တိုင်း၊ (၇) ဧရာဝတီတိုင်း တို့ ဖြစ်ပါသည်။

ပြည်နယ်များ၏ အမည်မှာ (၁) ကချင်ပြည်နယ်၊ (၂) ကယားပြည်နယ်၊ (၃) ကရင်ပြည်နယ်၊ (၄) ချင်းပြည်နယ်၊ (၅) မွန်ပြည်နယ်၊ (၆) ရခိုင်ပြည်နယ်၊ (၇) ရှမ်းပြည်နယ်တို့ဖြစ်ပါသည်။

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

**မေး(၁)** ။ ကချင်ပြည်နယ်သည် မြန်မာပြည်၏ မည်သည့်အရပ်၌ တည်ရှိသနည်း။

**ဖြေ** ။ ။ ကချင်ပြည်နယ်သည် မြန်မာပြည်၏ မြောက်အရပ်၌ တည်ရှိပါသည်။

**မေး(၂)** ။ ရှမ်းပြည်နယ်၏ ထင်ရှားသော ယဉ်ကျေးမှု အကကို ဖော်ပြပါ။

**ဖြေ** ။ ။ ရှမ်းပြည်နယ်၏ ထင်ရှားသော ယဉ်ကျေးမှု အကမှာ ကိန္နရာအကဖြစ်ပါသည်။

**မေး(၃)** ။ ဖားစည်တီးပြီး မည်သည့်တိုင်းရင်းသားတို့က ကပြသနည်း။

**ဖြေ** ။ ။ ဖားစည်တီးပြီး ကယားတိုင်းရင်းသားတို့က ကပြကြပါသည်။

* * *

## အခန်း(၃၉)
## ဝတ္ထုပုံပြင်များ
## အချိန်မမှန်သည့်တောကြက်

**သင်ယူမှုလုပ်ငန်းများ**

လုပ်ငန်း(၁) ။ အချိန်မမှန်သည့် တောကြက်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကိုပြောပြပါ။

ဖြေ ။ ။ အချိန်မမှန်သည့်တောကြက်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ကြက်များသည် အချိန်မှန်စွာ တွန်လေ့ရှိကြောင်း သိစေခြင်း၊ တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိဘ၏သွန်သင် ညွှန်ပြမှုသည် အရေးကြီးစကြောင်း သိစေခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com



လုပ်ငန်း(၂) ။ အချိန်မမှန်သည့်တောကြက်၏ သင်ယူမှုရည်ရွယ်ချက်များကို သင်သိသမျှပြောပြပါ။

ဖြေ ။ ။ အချိန်မမှန်သည့်တောကြက်၏ သင်ယူမှုရည်ရွယ်ချက်များမှာ-

(က) အတတ်ပညာကို ဆရာများထံတွင် စနစ်တကျသင်ယူသင့်ကြောင်းသိရှိစေရန်။

(ခ) လူကြီးမိဘတို့၏ ဆုံးမမှုကို ကောင်းစွာနာယူသင့်ကြောင်း သိရှိစေရန်တို့ ဖြစ်ပါသည်။

လုပ်ငန်း(၃) ။ အောက်ဖော်ပြပါ ပုံဝတ္ထုကို ဆရာကဖတ်ပြပြီး ကျောင်းသားများအား နားလည်အောင် ပုံပြောသကဲ့သို့ ပြောပြပါ။

ဖြေ ။ ။

## အချိန်မမှန်သည့် တောကြက်

ရှေးအခါက ဒိသာပါမောက္ခထံ၌ ပညာသင်ကြားနေသည့် ကျောင်းသားတို့သည် ကြက်သံကို ဗဟိုရ်ပြု၍ စာသင်ကြားခြင်း၊ ကစားခြင်း၊ ရေချိုးခြင်း၊ အိပ်ရာဝင်ခြင်း၊ ဆရာ၏ ဝေယျာဝစ္စကို ဆောင်ရွက်ခြင်း စသည့်အမှုတို့ကို ပြုလုပ်ကြရ၏။

တစ်နေ့တွင် ထိုအချိန်မှန်စွာ တွန်သောကြက် သေဆုံးသွား၍ တောမှကြက်တစ်ကောင်ကို ဖမ်းခဲ့ပြီး အစားထိုး၏။ ထိုကြက်မှာ တောကြက်အရိုင်းဖြစ်၍ အချိန်မှန်စွာ မတွန်၊ တွန်ချင်သောအခါ တွန်၍ မတွန်ချင်သောအခါ မတွန်ဘဲနေ၏။ ထို့ကြောင့် ကျောင်းသားတို့ အချိန်မမှန်ဘဲ ဖြစ်ကြလျက် အမျက်ဒေါသထွက်ကာ ထိုကြက်ကို သတ်ပစ်လိုက်ကြသည်။

ဆရာကြီးသည် ကြက်တွန်သံမကြား၍ တပည့်တို့အား မေးမြန်းရာ တပည့်တို့က အချိန်မှန်စွာမတွန်၍ သတ်ပစ်လိုက်ကြောင်း ရှင်းပြကြ၏ ထိုအခါ ဆရာကြီးက "တပည့်တို့ မိဘကို အမှီပြု၍ နေစဉ်ကလည်း မိဘ၏ အဆုံးအမကို မခံယူခဲ့။ အရွယ်ရောက်သောအခါမှာလည်း ဆရာများထံ နည်းမခံသူသည် ဤကြက်ကဲ့သို့ပင် အခါဟုတ်သည် မဟုတ်သည်ကို မသိတကား" ဟု ပြောဆိုဆုံးမလေသည်။

လုပ်ငန်း(၄) ။ ကြက်သွန်သံကို မည်သည့်အရပ်ဒေသများတွင် အဓိကထားကြောင်း ရှင်းပြပါ။

ဖြေ ။ ။ ကြက်တွန်သံကို ကျေးလက်တောရွာများတွင် အဓိကထားကြပါသည်။

လုပ်ငန်း(၅) ။ စက်နာရီ မရှိဘဲလျက် ကြက်တွန်သံနှင့် လုပ်ငန်းလုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ ရှင်းပြပါ။

ဖြေ ။ ။ စက်နာရီမရှိဘဲလျက် ကြက်တွန်သံနှင့် လုပ်ငန်းလုပ်ဆောင်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကြက်သည် သူ့အချိန်နှင့်သူ တွန်လေ့ရှိရာ။ ကြက်တွန်သံကိုမှတ်သား၍ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်ပါသည်။

လုပ်ငန်း(၆) ။ ကြက်များ အချိန်မှန်တွန်ခြင်းသည် မည်သည့်အကြောင်းကြောင့်ဟုထင်သနည်း။

ဖြေ ။ ။ ကြက်များ အချိန်မှန်တွန်ခြင်းမှာ မိဘများ၏ အလေ့အကျင့်ကိုယူ၍ စဉ်ဆက်မပြက် ဆက်လက်လုပ်ဆောင်ခဲ့သော သဘာဝအလေ့အကျင့်ကြောင့်ဟု ထင်ပါသည်။

* *

http://www.dhammadownload.com



## တတ်မြောက်မှုစစ်ဆေးခြင်း

မေး(၁) ။ ကျောင်းသားတို့သည် ကြက်တွန်သံကိုအမှတ်အသားပြု၍ မည်သည့်ကိစ္စများကို ပြုလုပ်ကြသနည်း။

ဖြေ ။ ။ ကျောင်းသားတို့သည် ကြက်တွန်သံကို အမှတ်အသားပြု၍ စာကြည့်ခြင်း၊ အိပ်ရာဝင်ခြင်းတို့ကို ပြုလုပ်ကြပါသည်။

မေး(၂) ။ တောကြက်နှင့် အိမ်မွေးကြက်တို့သည် မည်သည့်အချက်တွင် ကွာခြားသနည်း။

ဖြေ ။ ။ တောကြက်နှင့် အိမ်မွေးကြက်တို့သည် အချိန်မှန်ကန်ခြင်းရှိ၊ မရှိ၌ ကွာခြားပါသည်။ အိမ်မွေးကြက်သည် အချိန်မှန်တွန်ခြင်းရှိပြီး၊ တောကြက်သည် အချိန်မှန်တွန်ခြင်းမရှိဘဲ တွန်ချင်သည့်အချိန်တွင် တွန်တတ်ပါသည်။

မေး(၃) ။ မိဘဆုံးမမှုကို မခံယူပါက မည်သို့ဖြစ်လာနိုင်သနည်း။

ဖြေ ။ ။ မိဘဆုံးမမှုကို မခံယူပါက အခါဟုတ်သည် မဟုတ်သည်ကို မသိနိုင်၊ မခွဲခြားနိုင်ဘဲ ထင်ရာလုပ်လာနိုင်ပါသည်။

မေး(၄) ။ ဆရာများ၏ သင်ကြားပြသမှုကို နာယူလိုက်နာပါက မည်သည့်အကျိုးရရှိမည်နည်း။

ဖြေ ။ ။ ဆရာများ၏ သင်ကြားပြသမှုကို နာယူလိုက်နာပါက အခါဟုတ်သည် မဟုတ်သည်၊ အကောင်းအဆိုးတို့ကို ခွဲခြားနိုင်ပြီး၊ မှန်ကန်သော အလုပ်တို့ကိုသာလုပ်ကိုင်တတ်သည့် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။

မေး(၅) ။ ဤပုံပြင်မှ မည်သည့် သင်ခန်းစာရရှိသနည်း။

ဖြေ ။ ။ ဤပုံပြင်မှ ရရှိသော သင်ခန်းစာမှာ မိဘကို အမှီပြု၍နေစဉ်တွင် မိဘအဆုံးအမကို မခံယူခဲ့၊ အရွယ်ရောက်သောအခါလည်း ဆရာ့ထံနည်းမခံသူသည် တောကြက်ကဲ့သို့ပင် ဟုတ်သည် မဟုတ်သည်ကို မသိနိုင်ဟူ၍ ဖြစ်ပါသည်။

* * *

## ဝံသူတော်

### သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း(၁) ။ ဝံသူတော်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများကို ပြောပြပါ။

ဖြေ ။ ။ ဝံသူတော်ကို သင်ယူရခြင်းဖြင့် ရရှိသော အသိပညာများမှာ ဒုက္ခရောက်နေသူအား မိမိက ကောင်းမြတ်သော စိတ်ထားဖြင့် ကယ်တင်ခဲ့သော်လည်း မိမိအပေါ်မကောင်းကြံသူများရှိတတ်သည် ဟူသောအသိရှိစေခြင်း၊ တစ်ဖက်သား၏ စကားကို ချင့်ချိန်ပြီးမှ ယုံကြည်အပ်သည်ဟူသော အသိရရှိစေခြင်း၊ ကျေးဇူးရှင်ကို ပြစ်မှားလျှင် ဘေးဒုက္ခ

http://www.dhammadownload.com



နှင့်တွေ့ကြုံရသည်ဟူသော အသိရရှိစေခြင်းတို့ဖြစ်ပါသည်။

လုပ်ငန်း(၂) ။ ဝံသူတော်၏ သင်ပုန်းမှု ရည်ရွယ်ချက်များကို သင်သိသမျှ ပြောပြပါ။

ဖြေ ။ ။ ဝံသူတော်၏ သင်ပုန်းမှု ရည်ရွယ်ချက်များမှာ-

(က) ကျေးဇူးရှင်ကို ကျေးဇူးမကန်းဘဲ ကောင်းမြတ်သော စိတ်ထားဖြင့် ဆက်ဆံတတ်ရန်။

(ခ) မိတ်ဆွေအပေါင်းအသင်းများကြားတွင် ဂုံးချောတတ်သူများရှိကြောင်း သိစေရန်။

(ဂ) စိတ်ထားယုတ်ညံ့ဒုက္ခရောက်တတ်ပုံကို သိစေရန် တို့ဖြစ်ပါသည်။

လုပ်ငန်း(၃) ။ အောက်ဖော်ပြပါ ဝတ္ထုကို ဆရာကဖတ်ပြပြီး တပည့်များနားလည်အောင်ပုံပြောသကဲ့သို့ ပြောပြပါ။

ဖြေ ။ ။

## ဝံသူတော်

ရှေးအခါက မုဆိုးတစ်ဦးသည် အမဲပစ်ရန် တောသို့သွားရာ အမဲကောင်မရဘဲ တောနက်ကြီးထဲတွင် မျက်စိလည်လမ်းမှားနေ၏။ ညသို့ရောက်သော် ပြန်လမ်းမတွေ့ဘဲ ကျားကြီးတစ်ကောင်နှင့်တွေ့ရ၏။ ထို့ကြောင့် နီးစပ်ရာသစ်ပင်ပေါ်သို့ တက်လိုက်ရ၏။ ထိုသစ်ပင်မှာ ဝံတစ်ကောင်သည် သားသမီးများနှင့် အသိုက်အအုံ ပြုလုပ်နေ၏။ ကျား၏ဘေးရန်ကြောင့် ရောက်လာသော မုဆိုးကို ကောင်းမွန်စွာ ကြိုဆိုလက်ခံသည်။ ကျားသည် သစ်ပင်ပေါ်မှ ဝံကို ခေါ်ကာ လူသားကို လက်မခံထားရန်နှင့် ကျေးဇူးကန်းတတ်သူများဖြစ်၍ တွန်းချလိုက်ရန် တိုက်တွန်း၏။ သို့သော်လည်း ဝံက တွန်းမချသဖြင့် ကျားလည်း သစ်ပင်အောက်မှ ထွက်သွား သည်။ မကြာမီ ပြန်လာပြီး မုဆိုးကိုခေါ်ပြီး အသင်လူသား သင်မသေလိုလျှင် ဝံကို အမှတ်တမဲ့ တွန်းချလိုက်ပါ။ မကြာမီ သင်သည် ဝံ၏အစာဖြစ်လိမ့်မည်ဟု အကြံပြုပြန်သည်။

လူသားကား ဟုတ်လိမ့်နိုးဟု ထင်ကာ အလစ်တွင် ဝံကိုတွန်းချ၏။ သို့သော် ဝံသည် သတိထားပြီးနေသဖြင့် သစ်ကိုင်းကို ဆွဲထားပြီး ပြန်တက်လာနိုင်သဖြင့် ကျားကိုက်မခံရပေ။ မုဆိုးလဲ လွန်စွာလန့်သွား၏။

သို့သော် ဝံက မိမိထံလာသော ဧည့်သည်အား အဆုံးတိုင်ကူညီပါမည်ဟု နှစ်သိမ့်သည်။ နံနက်ရောက်သော် ဝံသည် လူသားအတွက် သစ်သီးဝလံရှာဖွေရန်ပြင်ဆင်ပြီး ၄င်း၏သားသမီးများကိုစောင့်ရှောက်ရန် မှာကြားခဲ့သည်။ မုဆိုးသည် ဆာလောင်မှုကို သည်းမခံနိုင်၍ ဝံကလေးများကို သတ်စားတော့သည်။

http://www.dhammadownload.com



ဝံပြန်လာသောအခါ သားသမီးများ၏ အရိုးအရေများကို မြင်ရသောအခါ သစ်ပင်ပေါ်မှ တွန်းချသည်ထက် စိတ်နှလုံးထိခိုက်သော်လည်း ယုတ်မာခြင်းကို ယုတ်မာခြင်းနှင့် တုန့်ပြန်ရန် ဝန်လေးသဖြင့် မိမိယူဆောင်လာသော သစ်သီးများကို ကောင်းစွာ ကျွေး၍အပြန်လမ်းကို ညွှန်ပြ၏။ ထိုအခါ မုဆိုးသည် ကျေးဇူးရှင် ဝံသူတော်ကို မြွားဖြင့် သတ်ဖြတ်ပြီး ယူဆောင်ကာ ရွာသို့ပြန်လေသည်၊

အိမ်သို့ရောက်၍ များမကြာမီ ရက်အတွင်း တစ်ကိုယ်လုံး အဖုအပိန့်များ ထွက်ကာ ကုဋ္ဌနူနာရောဂါဖြစ်ပြီး ရွာပြင်၌ ဆင်းရဲစွာနေရလေသည်။

**လုပ်ငန်း(၄)** ။ သင့်အိမ်သို့လာရောက်သည့် သူငယ်ချင်းအား မည်သို့ဆက်ဆံသနည်း။

**ဖြေ** ။ ကျွန်ုပ်တို့အိမ်သို့လာရောက်သည့် သူငယ်ချင်းအား ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံပါမည်။

**လုပ်ငန်း(၅)** ။ သင့်သူငယ်ချင်းသည် သင်မသိဘဲ ပစ္စည်းတစ်ခုခုကို ခိုးယူသွားပါက သင့်စိတ်တွင် မည်သို့ခံစားရမည်နည်း။

**ဖြေ** ။ ကျွန်ုပ်၏ သူငယ်ချင်းသည် ကျွန်ုပ်မသိဘဲ ပစ္စည်းတစ်ခုခုကို ခိုးယူသွားပါက မိုက်မဲခြင်းကို မိုက်မဲခြင်းနှင့် မတုန့်ပြန်လိုဘဲ သည်းခံခွင့်လွှတ်လိုက်ပါသည်။

**လုပ်ငန်း(၆)** ။ သင်တို့သူငယ်ချင်းနှစ်ယောက် ချစ်ခင်စွာနေခြင်းကို အခြားသူတစ်ယောက်က လာရောက်နှောက်ယှက်လျှင် သင်မည်သို့ပြုလုပ်မည်နည်း။

**ဖြေ** ။ ကျွန်ုပ်သူငယ်ချင်းနှစ်ယောက် ချစ်ခင်စွာနေခြင်းကို အခြားသူတစ်ယောက်က လာရောက်နှောက်ယှက်လျှင် သည်းခံခွင့်လွှတ်၍ ကောင်းမွန်စွာဖျောင့်ဖြပြောဆိုပါသည်။

* *

## တတ်မြောက်မှုစစ်ဆေးခြင်း

**မေး(၁)** ။ မုဆိုးသည် အဘယ်ကြောင့် သစ်ပင်ပေါ်သို့တက်ရသနည်း။

**ဖြေ** ။ မုဆိုးသည် ကျားကြီးတစ်ကောင်နှင့်တွေ့၍ သစ်ပင်ပေါ်သို့ တက်ရပါသည်။

**မေး(၂)** ။ ဝံသူတော်မိသားစုသည် အဘယ်ကြောင့် သစ်ပင်ပေါ်၌ နေထိုင်သနည်း။

**ဖြေ** ။ ဝံသူတော်မိသားစုသည် သားသမီးများနှင့် အသိုက်အအုံပြုလုပ်ထား၍ သစ်ပင်ပေါ်၌ နေထိုင်ပါသည်။

**မေး(၃)** ။ ကျားသည် ကောက်ကျစ်စဉ်းလဲသော သတ္တဝါဖြစ်ပါသလား။အဘယ်ကြောင့်နည်း။

**ဖြေ** ။ ကျားသည် ကောက်ကျစ်စဉ်းလဲသော သတ္တဝါဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် သူ့အစာအလို့ငှာ ဝံနှင့် လူသားတို့ကို နည်းအမျိုးမျိုးနှင့် လှည့်စားကာ တစ်ဦးကိုတစ်ဦး သစ်ပင်ပေါ်မှ တွန်းချရန် အကြံပြုဖိုက်တွန်းသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



မေး(၄) ။ သစ်သီးများ မစားမီ မုဆိုးသည် မည်သည်တို့ကို စားခဲ့သနည်း။

ဖြေ ။ ။ သစ်သီးများကို မစားမီ မုဆိုးသည် စံကလေးများကို သတ်၍စားခဲ့ပါသည်။

မေး(၅) ။ ကျေးဇူးပြုဖူးသော သူကို ကျေးဇူးကန်း သင့်ပါသလား။

ဖြေ ။ ။ ကျေးဇူးပြုဖူးသော သူကို ကျေးဇူးမကန်းသင့်ပါ။

မေး(၆) ။ ဤပုံပြင်မှ မည်သည့်သင်ခန်းစာကို ရရှိသနည်း။

ဖြေ ။ ။ ဤပုံပြင်မှရရှိသော သင်ခန်းစာမှာ ကျေးဇူးပြုဖူးသောသူကို ကျေးဇူးကန်းလျှင် နောက်ဆုံး၌ ဆင်းရဲဒုက္ခကျရောက်ရကြောင်း ဖြစ်ပါသည်။

* * *

ပြီးပါပြီ။

ထူးထူးချွန်ချွန် အောင်မြင်ကြပါစေသတည်း။